# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၅၀)


**ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ရောက်ရှိနေပြီ**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို ရယူပြီး ချမှတ်ထားသော ဦးတည်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် နေ့မအား ညမနား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီ။

## နိုင်ငံတော်အစိုးရ၏မှန်ကန်သောဦးဆောင်မှုအောက်၌ ပြည်သူ့အကျိုးစီးပွားဦးစားပေးဆောင်ရွက်နိုင်ခဲ့ အသင်းကြီး၏မွန်မြတ်သောရည်ရွယ်ချက်များ ပြည်သူအတွင်းစိမ့်ဝင်ပျံ့နှံ့၍ ယုံကြည်သက်ဝင်လာ အလှူစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက အသင်းဝင်အင်အားတိုးတက်များပြားလာ၍ ဝမ်းမြောက်ဂုဏ်ယူ

## အသင်းဝင်များအရေအတွက်သာမက အရည်အချင်းပါပြည့်ဝရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်အောင်မြင်ရေး ပြည်သူ့အကျိုးနိုင်ငံတော်အကျိုး တက်ကြွစွာပူးပေါင်းပါဝင်

ရန်ကုန် နိုဝင်ဘာ ၁၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)အကြို ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)အကြို ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆန်ကျဲရ်ထွေးက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ရောဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးက ဆောင်ရွက်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✡



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို နာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) အကြို ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။(သတင်းစဉ်)



### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

# နိုင်ငံတော်၏ အမျိုးသားအင်အားစုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည် အရည်အချင်းပြည့်ဝစေရန် အစဉ်လေ့ကျင့်ပျိုးထောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စု စိတ်ဓာတ်ပြည့်ဝသည့် မျိုးချစ်အင်အားစုကြီးတစ်ရပ် မရှိမဖြစ် လိုအပ်ပေသည်။

ယနေ့အချိန်အခါတွင် လူငယ်လူလတ် အင်အားစုများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်၏ အမျိုးသားအင်အားစုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယင်းသို့ ပါဝင်ထမ်းဆောင်နိုင်စေရန် လူငယ်လူရွယ်များအား စည်းရုံးခြင်း၊ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင် အပြုသဘောရှေ့တန်းက ပူးပေါင်းပါဝင်ခြင်း စသည်ဖြင့် အသင်းကြီး၏ ရည်မှန်းချက်များအတိုင်း ဖြစ်ပေါ်တိုးတက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုဝင်ဘာလ ၁၇ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)သို့ တက်ရောက်၍ သြဝါဒစကား မြွက်ကြားရာတွင်–

**“အမျိုးသားယဉ်ကျေးမှုနဲ့ စာရိတ္တပညာသင်တန်းများဖွင့်လှစ်ခြင်းဖြင့် တစ်မျိုးသားလုံး ရှေးယခင် ကတည်းက ခံယူကျင့်သုံးခဲ့တဲ့ အမျိုးသားအရည်အချင်းတွေကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်း ပေးခြင်း ဖြစ်တယ်။ ပိုမိုကောင်းမွန်တဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်စွမ်းရှိတဲ့ မျိုးဆက်သစ်လူငယ် တို့ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဒီမိုကရေစီ လူ့ဘောင်ထူထောင်ရေးမှာ လူသားအရင်းအမြစ်ဖြစ်တယ်”**

ဟူ၍ မိန့်ကြားသွားခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် လူငယ်လူရွယ်များ အမျိုးသားရေး ခံယူချက်ပြည့်ဝရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများရရှိရေးအတွက် ဘာသာရပ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ပျိုးထောင် သင်ကြားပေးလျက် ရှိသည်။

လူငယ်လူရွယ်များအတွက် အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်း၊ အထူးမွမ်းမံသင်တန်း၊ အဆင့်မြင့်သင်တန်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာသင်တန်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေးသင်တန်း၊ ဘာသာစကားသင်တန်း၊ နည်းပညာဆိုင်ရာသင်တန်း၊ အခြေခံလေကြောင်းနှင့် ရေကြောင်းပညာသင်တန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုသင်တန်း၊ အနုသုခုမသင်တန်းစသည့် သင်တန်းမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပို့ချပေးလျက် ရှိသည်။

အဆိုပါ သင်တန်းများအနက် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများသည် လူငယ်လူရွယ်များကို စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်မှု၊ အမျိုးသားရေးလက္ခဏာများ ထိန်းသိမ်း နိုင်စွမ်းရှိမှုများအတွက် ကောင်းသော အမွေများဆက်ခံနိုင်စေရန် လေ့ကျင့်ပျိုးထောင်ပေးနေခြင်း ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များသည် စည်းရုံး၊ လေ့ကျင့်၊ ပျိုးထောင်လှုပ်ရှားရင်း နိုင်ငံတော်က လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖြစ်ပေါ်လာစေရန်အတွက် အမျိုးသား အင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း စွမ်းရည်များပြည့်ဝသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည် နိုင်ငံတော်ကို အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းတည်ဆောက်နိုင်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်၏ အမျိုးသားအင်အားစု အဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက် အရည်အချင်းများ ပြည့်ဝစေရန် အစဉ်လေ့ကျင့် ပျိုးထောင်သွားမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် နိုဝင်ဘာ ၁၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းဝန်ကြီး ဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဝင်းထိန်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ **(သတင်းစဉ်)**

## ရထားလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင် မန္တလေး၌ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၈

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် နိုဝင်ဘာ ၁၃ ရက်က မန္တလေးမြို့၌ မြန်မာ့မီးရထား တိုင်းအရာရှိများနှင့် ဌာနတာဝန်ခံများတွေ့ဆုံ၍ ရထားလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများကို မှာကြားသည်။**

**လုပ်ငန်းဆိုင်ရာမှာကြား**

ထိုမှတစ်ဆင့် ဒီဇယ်စက်ခေါင်းရုံ (ရွာထောင်)သို့ ရောက်ရှိပြီး စက်ရုံမှူး အထွေထွေမန်နေဂျာ ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများ၊ အလုပ်ရုံစုမှူးများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

**စစ်ဆေး**

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၄ ရက်တွင် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ရောက်ရှိပြီး အထက်တန်းထိုင်ခုံ တွဲလေးတွဲပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မုံရွာစက်မှုဇုန်၌ သံရည်ကျိုလုပ်ငန်းရှင်များအား တွေ့ဆုံ၍ သံကြွပ်ထုတ်ကုန်ပစ္စည်းများကို လေ့လာပြီး အကူအညီပေးနိုင်မည့် ကိစ္စများကို ဆွေးနွေးသည်။

**ရထားလုပ်ငန်းများစစ်ဆေး**

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြစ်ငယ်မှ ပုဂံသို့ သံလမ်းပြေးယာဉ်ဖြင့်ထွက်ခွာ၍ လမ်းတစ်လျှောက် ရထားလုပ်ငန်းများကို စစ်ဆေးသည်။

**ဖြည့်ဆည်းပေး**

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာ့မီးရထား တိုင်း(၁၁) ပုဂံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက ဓမ္မကထိကဗဟုဇနဟိတရေ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် နိုဝင်ဘာ ၂၂ ရက်ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက် ဦးရွှေမှန်ဈေးတွင် လည်းကောင်း၊ ၂၃၊ ၂၄ နှင့် ၂၅ ရက် ညများတွင် မြောက်ဥက္ကလာပမြို့ (စ)ရပ်ကွက် ဝဇီရာလမ်းမကြီးတွင် လည်းကောင်း၊ ၂၆ ရက်ညတွင် သင်္ဃန်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် သိပ္ပံလမ်းတွင် လည်းကောင်း၊ ၂၇၊ ၂၈နှင့် ၂၉ ရက် ညများတွင် ကျိုက်လတ်မြို့ (၅)ရပ်ကွက်၊ ၂၀၊ ၂၁ ရက် ညများတွင် ဗိုလ်ချုပ်လမ်းတွင် လည်းကောင်း၊ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်ညများတွင် လှိုင်သာယာမြို့(၁၆) ရပ်ကွက်၊ သာစည်လမ်း ကလျာဏသုခ လှိုင်ဓမ္မာရုံတွင် လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၉–၁၁–၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၂၀ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၀ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၄၀ | ၆။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၄၅ | ၇။ | မျိုးချစ်တပ်မတော် |
| ၄:၅၅ | ၈။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၀၅ | ၉။ | အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Soil Profile (တတိယနှစ်၊ပထဝီဝင်) |
| ၅:၃၅ | ၁၀။ | ပညာခေတ် |
| ၅:၄၅ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၆။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၇။ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက်ချစ်တယ်”** (အပိုင်း–၁၆) |
| ၈:၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ | မြန်မာ့ရှုခင်း |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နဲ့ ရန်နိုင်ဓား”** (အပိုင်း–၂၃ ) |



**နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် (ဂျေ–၄)သန်လျက်စွန်းလမ်း ဗိုလ်တထောင်မြို့နယ်နေ မောင်ရန်နိုင်ထွန်း– မသဥ္ဇာမြင့်ထူး တို့က မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို နိုဝင်ဘာ ၆ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် က လက်ခံရယူစဉ်။** (က–ပ)

# ဧဝန်မြစ်ကို ကျော်လွှားပြန်ပြီ ဧရာဝတီ

ဦးဇော်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီ၏တိုးတက်မှုကို လေ့လာကြည့်ရှုရန် မကြာမီရက်ပိုင်းအတွင်း ဧရာဝတီတိုင်းသို့ တစ်ညအိပ်ခရီးထွက်ခဲ့သည်။ ဧရာဝတီတိုင်းအတွက် လမ်းပန်းဆက်သွယ်မှုကောင်းအောင်၊ စီးပွားရေးအခြေခံများ ဖွံ့ဖြိုးခိုင်မာအောင် နိုင်ငံတော်အကြီးအကဲသည် ဧရာဝတီတိုင်းသို့ ခရီးထွက်ခဲ့သည်မှာ အကြိမ်ကြိမ်ပင် ဖြစ်သည်။

တစ်ကြိမ်နှင့်တစ်ကြိမ်၊ တစ်နှစ်ထက်တစ်နှစ် ဧရာဝတီတိုင်း၏ ပြောင်းလဲတိုးတက်မှုသည် သိသာထင်ရှားလှသည်။ သဘာဝ ရေခံမြေခံ အခြေခံကောင်းများရှိသဖြင့် ဧရာဝတီတိုင်းသည် စိုက်ပျိုးမြေအများဆုံး၊ နုန်းတင်မြေနုမြေဆီမြေလွှာ အကောင်းဆုံးပိုင်ဆိုင်သည့် တိုင်းဖြစ်သည်။ သဘာဝ အင်းအိုင်ပေါင်း ၁၇၀၀ ကျော်ခန့် ရှိသည့်အတွက် အင်းအများဆုံး တိုင်းဖြစ်သည့်အပြင် ပင်လယ်ပြင်နှင့် ဆက်စပ်နေသဖြင့် ရေချိုရေငန် ငါး၊ပုစွန်လုပ်ငန်းကို ပေါင်းစပ်လုပ်ကိုင်နိုင်သည်။

ထို့ကြောင့် ဧရာဝတီတိုင်းသည် စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်ရာဒေသ၊ မိုးစပါးအပြင် နွေစပါးကိုပါ ထူးထူးခြားခြား အောင်မြင်အောင် စိုက်ပျိုးနိုင်သော ဒေသအဖြစ် ခိုင်ခိုင်မာမာ ဖြစ်ပေါ်နေရာ နိုင်ငံတော်၏စပါးကျီအဖြစ် ရပ်တည်နေသည်။ ငါး၊ပုစွန်အပြင် ကဏန်းနှင့်ငါးရှဉ့်ကလည်း ပေါသည်။ ထို့ပြင်ကြက်၊ ဘဲနှင့်ဝက်ကို အရေအတွက်အများဆုံး မွေးမြူလျက်ရှိသော ဒေသဖြစ်သည်။ စားရေးနှင့် စပ်လျဉ်း၍ ဧရာဝတီသည် ဒေသတွင်းဖူလုံရုံသာမက ပိုလျှံသည်များကို အခြားပြည်နယ်၊ တိုင်းများသို့ တင်ပို့ရောင်းချနေသည့် စီးပွားရေးအခြေခံ အားကောင်းသော တိုင်းကြီးဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက ဧရာဝတီတိုင်း၏ အားထားရသော လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍကုန်ထုတ်လုပ်မှုများကို ရည်မှန်းချက်များ ပေးထားသည့်အတိုင်း ပြည့်မီရုံသာမက ကျော်လွန်အောင် အားထုတ်ကြိုးပမ်းရန် တိုက်တွန်းအားပေးသည်။

**“ဧရာဝတီတိုင်း၏ လက်ရှိစပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံတော်၏ စပါးအထွက်မှာ တင်းသန်း၁၂၀၀အထိ တိုးတက်ထွက်ရှိသွားမှာဖြစ်ကြောင်း၊ လယ်ယာကဏ္ဍနည်းတူ မွေးမြူရေးကဏ္ဍကိုလည်း တိုးတက်အောင် လုပ်ကိုင်ရန် လိုကြောင်း”**

ဖြင့် ပြီးခဲ့သော ခရီးစဉ်တွင် လမ်းညွှန်မိန့်ကြားခဲ့သည်။

ယခု ခရီးစဉ်၌လည်း–

**“အစဉ်အလာ သမားရိုးကျ လုပ်ကိုင်နေကျ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအပြင် အခြား ဖြစ်ထွန်းအောင်မြင်နိုင်သည့် စီးပွားရေး လုပ်ငန်းများကိုလည်း ရှာကြံ၍ ထုတ်ကုန်အမယ်သစ်များ ပေါ်ထွက်လာအောင် တီထွင်ကြံဆ လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ သင့်တော်ဖြစ်ထွန်းနိုင်မည့် ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များနှင့် ရာသီသီးနှံ အမယ်သစ်များကို တိုးချဲ့စိုက်ပျိုးသွားရန်ဖြစ်ကြောင်း”**

ထပ်မံ လမ်းညွှန်မိန့်ကြားခဲ့သည်။





နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စီမံကိန်းရှင်းလင်းဆောင်မှ ဧဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ဓာတ်ပုံ–သတင်းစဉ်)

နိုင်ငံတော်၏ စပါးကျီအဖြစ် ရောင့်ရဲတင်းတိမ်မနေဘဲ ဧရာဝတီတိုင်းသား တို့၏ ဝင်ငွေတိုးတက်လာအောင် ထုတ်ကုန်အမယ်သစ်များကို ရှာဖွေကြံဆ ထုတ်လုပ်စေခြင်းဖြင့် ဧရာဝတီ၏ စီးပွားရေးအင်အားကို ရေရှည်တောင့်တင်းနေအောင် အားပေးနေခြင်းဖြစ်သည်။ မြင့်မားတိုးတက်နိုင်သည့် အခြေခံသဘာဝများကလည်း ရှိပြီးဖြစ်၍ လယ်ယာထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းကို အခြေခံသည့် စက်မှုလုပ်ငန်း၊ ရေထွက်ပစ္စည်းကိုအခြေခံသည့် စက်မှုလုပ်ငန်း စသည်ဖြင့် စက်မှုလုပ်ငန်းများ တစ်ပါတည်း တိုးတက်ဖွံ့ဖြိုးလာရန် ညွှန်ပြသည်။

ထုတ်ကုန်အမယ်စုံပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်ရန် အားပေးသည်နှင့်အမျှ ထုတ်ကုန်များကို သယ်ယူပို့ဆောင်နိုင်သည့် ကုန်းလမ်းကြောင်းများကလည်း ပြည့်စုံနေပြီဖြစ်သည်။ ၂၀၀၃ ခုနှစ် ဇွန်လဆန်း၌ ပုသိမ်မြို့နှင့် ငွေဆောင်ကမ်းခြေသို့ရောက်ရှိစဉ် ဧဝန်မြစ်ကူး ပုသိမ်တံတားတည်ဆောက်ရန် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဧဝန်မြစ် အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးရေးအတွက် ပုသိမ်တံတားကြီးကို ၃၀–၇–၂၀၀၃ရက်နေ့၌ စတင်တည်ဆောက်စေခဲ့သည်။ ယခုအခါ သံပေါင်ကြိုးတံတားအမျိုးအစား ပုသိမ်တံတားကြီးသည် ၁၆လအတွင်း၌ပင် ရုပ်လုံးပေါ်လာပြီး အပြီးသတ် အချောကိုင်လုပ်ငန်းများ လုပ်ကိုင်နေပြီဖြစ်သည်။ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ သာပေါင်း စသည့် ဧဝန်မြစ် အနောက်ဘက်ကမ်းဒေသများသို့ လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ ဧဝန်မြစ် ဇက်ကူးရေယာဉ် စောင့်ဆိုင်းရမှုများ ကင်းဝေးတော့မည် ဖြစ်သည်။

ရှေးယခင်က ဧရာဝတီတိုင်းသည် ရေလမ်းကိုသာ အဓိကအားကိုးရသဖြင့် သွားရေးလာရေး နှောင့်နှေးသည်။ ကားလမ်းဆိုသည်မှာလည်း စုစုပေါင်းမှာ မိုင်၄၆၀ကျော်ခန့်သာ ရှိခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ဧရာဝတီတိုင်း၏ သွားလာမှု အခက်အခဲတို့ကို တစ်ချိန်သောအခါက ကိုယ်တွေ့ခံစား သိရှိပြီးဖြစ်၍ တိုင်းအတွင်း ကားလမ်းများကို တိုးချဲ့ဖောက်လုပ်စေခဲ့သည်။ တစ်မြို့နယ်နှင့် တစ်မြို့နယ်အကြား ရေလမ်းခရီးဖြင့်သာ သွားနေရသည့် အစဉ်အလာဟောင်းကို စတင်ပြောင်းလဲစေခဲ့သည်။ လိုအပ်သော မြစ်ကူး၊ ချောင်းကူးတံတားများကိုလည်း တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည်။ တိုင်းမှူးအပါအဝင် ဒေသတာဝန်ခံအဆင့်ဆင့်နှင့် ဒေသခံပြည်သူများကလည်း အင်တိုက်အားတိုက် အကောင်အထည်ဖော်ကြသည်။

နိုင်ငံတော်အစိုးရနှင့် ဧရာဝတီတိုင်းသားများ အပြန်အလှန်နားလည်မှုရှိရှိ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်များအဖြစ် မြို့နယ်ချင်းဆက်သော ကားလမ်းများနှင့် တံတားများသည် ကွန်ရက်သဖွယ် ပေါ်ထွက်လာခဲ့သည်။ တစ်ချိန်တစ်ခါက စိတ်ကူးယဉ်အိပ်မက်အဖြစ်သာ ရှိခဲ့သော မြစ်ကူးတံတားကြီးများဖြစ်သည့် ဧဝန်မြစ်ကူး ပုသိမ်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား၊ မြောင်းမြတံတား၊ ပင်လယ်လေးတံတား၊ ဂုံညင်းတန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား စသည့် တံတားကြီးစာရင်းဝင် တံတားပေါင်း အစင်း၄၀တို့သည် ဧရာဝတီတိုင်း၏ ရေကြောမြေကြောများကို ပေါင်းကူးဆက်စပ်ပေးလိုက်သည်။

ရန်ကုန်–ပုသိမ် လမ်းမကြီးနှင့် အတူ မအူပင်–ကျိုက်လတ်–ဖျာပုံလမ်း၊ ဖျာပုံ–ဘိုကလေးလမ်း၊ ဒေးဒရဲ–ကျိုက်လတ်လမ်း၊ မအူပင်–ဆားမလောက်လမ်း၊ ပန်းတနော်–ဝါးခယ်မ–ကျုံမငေးလမ်း၊ မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းလမ်း၊ ပုသိမ်– ငွေဆောင်လမ်း၊ ပုသိမ်–ချောင်းသာလမ်း၊ ငါးသိုင်းချောင်း–ဂွလမ်း စသည့် လမ်းကြောင်းသစ်များ ပေါ်ထွက် လာသည်။ ယင်းလမ်းများကို ပေါင်း စပ်လိုက်ပါက မိုင်ပေါင်း ၁၃၀၀ နီးပါးခန့် ရှိသည်။

**ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော် အကြီးအကဲက နိုင်ငံတော်နှင့် ဒေသအတွက် စေတနာအပြည့်ဖြင့် မျှော်မြင်တွက်ဆပြီး လမ်းညွှန်မှာကြား တာဝန်ပေးအပ်ရုံသာမက လုပ်ငန်းခွင်အထိ ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးအားပေး ဖြည့်ဆည်းမှုများသည် လုပ်ငန်းအောင်မြင်မှု၏ သော့ချက်ဖြစ်။**

တည်ဆောက်နေဆဲ ဖျာပုံတံတား၊ မြင်းကဆိပ်တံတားတို့ ပြီးစီးပြီးနောက် မြို့ကွင်းတံတားကိုပါ တည်ဆောက် ပြီးမည်ဆိုလျှင် မြို့နယ် အားလုံးနီးပါးကို မော်တော်ကားဖြင့် သွားလာနိုင်ပြီ ဖြစ်သည်။ ဧရာဝတီ တိုင်းအတွင်း ယခင်က နာရီပေါင်း များစွာ အချိန်ယူ၍ သွားလာခဲ့ရသော ခရီးများသည် ယခုနာရီပိုင်းအတွင်းမှာပင် မြန်မြန်ဆန်ဆန်သွားလာ၍ ရနေပြီ ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲက ကျောင်းကုန်းတံတား၊ ငါးသိုင်းချောင်းတံတားတို့ကို စတင်တည်ဆောက်ရန် အတိတ်မှ လှုပ်ရှားရုန်းကန်ခဲ့ရသည့် အခြေအနေများကို ပြန်ပြောင်းပြောကြားရင်း–

**“မိမိတို့ လက်ထက်၌ လမ်းများ၊တံတားများကို ကြိုးစားပမ်းစား တည်ဆောက်နိုင်သဖြင့် တံခါးပိတ်ထားသလိုဖြစ်နေသော ဧရာဝတီတိုင်းမှာ တံခါးပွင့်သွားပြီဖြစ်သည့်အတွက် တိုးတက်မှု၊ မြန်ဆန်မှု၊ သက်သာမှုတို့ကို လက်တွေ့ခံစားနေရပြီ ဖြစ်ကြောင်း”**

မိန့်ကြားသည်။

နိုင်ငံတော်အကြီးအကဲသည် လက်တွေ့ကျကျ အောင်အောင်မြင်မြင် တည်ဆောက်ခဲ့ပြီးသော တံတားကြီးများအပေါ် ပီတိဖြစ်လျက်ရှိသည်။ တည်ဆောက်နိုင်စွမ်းရှိသည့် မိမိတို့အင်ဂျင်နီယာ အတတ်ပညာရှင်များ အတွက်လည်း ဂုဏ်ယူလျက်ရှိသည်။ တစ်နည်းအားဖြင့် မြန်မာ့လက်ရာ

စာမျက်နှာ ၅ ကော်လံ ၁ သို့

# ဖလူးဂျာမြို့နှင့် အခြားအီရတ်မြို့ကြီးများ၌ တိုက်ပွဲများဖြစ်ပွား ဘူရှဗ်မြို့တွင် ရဲကားတစ်စီးကို ခုခံတိုက်ခိုက်ရေးသမားတို့ မီးရှို့ဖျက်ဆီး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

**ဖလူးဂျာမြို့သည် လွန်ခဲ့သည့်တစ်ပတ်ကစပြီး ထူးခြားစွာတိုက်ပွဲဝင်နေသော မြို့ဖြစ်နေသော်လည်း အီရတ်နိုင်ငံအတွင်းရှိ အခြားမြို့များသည်လည်း ယခုအခါ အလားတူ ဖြစ်ပွားလျက်ရှိသည်။ ဘဂ္ဂဒက်မြို့မြောက်ဘက် ၂၅ မိုင်အကွာရှိ ဘူရှဗ်မြို့တွင် တိုက်ခိုက်ရေးသမားများက အီရတ်ရဲကားများကို မီးရှို့တိုက်ခိုက်ခဲ့သည်။ ရာနှင့်ချီသော တိုက်ခိုက်ရေးသမားများသည် ဆက်ဒမ်ထောက်ခံသူများ၊ အမျိုးသားခုခံတိုက်ခိုက်ရေးအဖွဲ့နှင့် ဇာကာဝီအဖွဲ့မှ အဖွဲ့ဝင်များဖြစ်ပြီး ဖလူးဂျာတိုက်ပွဲမစတင်မီ ဖလူးဂျာမြို့မှ ထွက်ခွာလာသူများဟုတ်၊ မဟုတ် မပြောကြားနိုင်ကြောင်း သိရသည်။**

ဘူရှဗ်မြို့ရှိ ရဲစခန်းကို လာရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်မြို့ရှိ အမေရိကန်စစ်ဌာနချုပ်က ပြောကြားခဲ့သည်။ အလားတူ ဘာကူဘာမြို့တွင် အမေရိကန်တပ်ဖွဲ့များသည် လက်ဖြောင့်တိုက်ခိုက်ရေးသမားများ၏ ချောင်းမြောင်းပစ်ခတ်မှုခံခဲ့ရကာ အမေရိကန်ဂျက်လေယာဉ်က တိုက်ခိုက်ရေးသမားများရှိရာ နေရာများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

### မငြိမ်မသက်

အီရတ်မြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင်လည်း မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး မြို့တွင်းရှိ ရဲစခန်းသုံးလေးခုကို တိုက်ခိုက်ရေးသမားများက ထိန်းချုပ်ထားဆဲဖြစ်ကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ လွန်ခဲ့သည့်လေးရက်က အဆိုပါရဲစခန်းများကို တိုက်ခိုက်ရေးသမားများလက်တွင်းသို့ အီရတ်ရဲတပ်ဖွဲ့ဝင်များက အလွယ်တကူ ပေးအပ်ခဲ့ခြင်းဖြစ်ပုံရကြောင်း သိရသည်။

ဖလူးဂျာမြို့မှ တိုက်ခိုက်ရေးသမားများကို အားပေးထောက်ခံပြီး အသေခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဘူရှဗ်မြို့မှ တိုက်ခိုက်သူများကို ကွပ်ကဲသူက ကတိပေးပြောကြားခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**



ဖလူးဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်တို့ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် မြို့ကို စွန့်ခွာတိမ်းရှောင်သွားသော အီရတ်မိသားစုကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# နိုဝင်ဘာ ၁၇ ရက်အထိ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၁၄ ဦးရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။**

နိုဝင်ဘာ ၁၇ ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၁၄ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၄၄ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

### သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

### ပြောကြား

သမ္မတဘုရ်ှက ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၀၇၆ ဦးဖြစ်ပြီး ယင်းအနက် ၈၃၅ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# အရှေ့တောင်အာရှနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

ဗီယင်ကျန်း နိုဝင်ဘာ ၁၈

**ယခုလကုန်ပိုင်း၌ လာအိုနိုင်ငံတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်း အဝေးသို့ ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်တက်ရောက်ပြီးသည့်အခါ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူချက် အရှိန်အဟုန်မြှင့်တင်ရန် ဩစတြေးလျနှင့် အရှေ့တောင်အာရှ စီးပွားရေးဦးဆောင်နိုင်ငံများ သဘောတူလိုက်ကြသည်။**

ဂျွန်ဟောင်းဝပ်၏ ဩစတြေးလျအစိုးရသည် အရှေ့တောင်အာရှဒေသ ကုန်သွယ်ရေးနှင့် လုံခြုံရေးဆက်ဆံမှုများကို ပိုမိုဆောင်ရွက်လျက်ရှိသည့်အလျောက် နိုင်ငံခြားရေးဝန်ကြီး အလက်ဇန်ဒါဒေါင်နာက အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ခေါင်းဆောင်များနှင့် ထိပ်သီးအစည်းအဝေးကို ပုံမှန်ပြုလုပ်ခဲ့သည်။

### ကျင်းပ

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူချက်လေ့လာမှုကို နှစ်သစ်အစ၌ စဖွယ်ရာရှိသည်။ ဗီယင်ကျန်း၌ အာဆီယံ နှစ်ရက်ကြာ ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်၌ ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျဝန်ကြီးချုပ် ဟောင်းဝပ်နှင့် နယူးဇီလန် ဝန်ကြီးချုပ် ဟယ်လင်ကလပ်ခ်တို့ တက်ရောက်ကြမည်ဖြစ်သည်။

### ရှုမြင်

အာဆီယံ ၁၀ နိုင်ငံ ပါဝင်သော ကုန်သွယ်ရေးအုပ်စုနှင့် အနီးကပ်ကုန်သွယ်ရေးဆက်ဆံမှု အလားအလာများသည် နှစ်များစွာအတွင်း အကောင်းဆုံးဖြစ်သည်။ အာဆီယံအပေါင်းကင်ဘာရာနှင့် ဝယ်လင်တန်တို့ ပါဝင်သော နှစ်ပတ်လည်ထိပ်သီး အစည်းအဝေး အလားအလာများနှင့် စပ်လျဉ်း၍ မစ္စတာဒေါင်နာက အကောင်းရှုမြင်ထားသည်။

### စမ်းသပ်

အာဆီယံခေါင်းဆောင်များနှင့် နှစ်ပတ်လည်အစည်းအဝေးသည်အရေးကြီး သော နိုင်ငံခြားရေးမူဝါဒပန်းတိုင်ဖြစ်မြဲရှိကြောင်း ဟောင်းဝပ်အစိုးရ၏ သံတမန်ရေး ကျွမ်းကျင်ပိုင်နိုင်မှုကို စတုတ္ထသက်တမ်းတွင် စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

### ပထမဆုံး

ဗီယင်ကျန်း ထိပ်သီးအစည်းအဝေးသည် ဩစတြေးလျနှင့် နယူးဇီလန် ဝန်ကြီးချုပ်များ တက်ရောက်သည့် ပထမဆုံး အာဆီယံထိပ်သီးအစည်းအဝေး ဖြစ်မည်ဖြစ်သည်။ **(အင်တာနက်)**




# အာရှ ရုပ်/သံထုတ်လွှင့်မှု နှီးနှောပွဲ တိုကျို၌ကျင်းပ

တိုကျို နိုဝင်ဘာ ၁၈

**အာရှဒေသရှိ ရုပ်မြင်သံကြား ထုတ်လွှင့်သူများ၏ ထုတ်လွှင့်မှုဆိုင်ရာ အခြေအနေသတင်းပညာနှင့် နည်းပညာသစ် ထုတ်လွှင့်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို တိုကျိုမြို့တွင် ကျင်းပကြောင်း သိရသည်။**

ထိုဆွေးနွေးပွဲကို အာရှနှင့်အရှေ့အလယ်ပိုင်းဒေသမှ ရုပ်မြင်သံကြား ထုတ်လွှင့်ရေးဌာန ၁၀ ခုမှ သတင်းထောက်များနှင့် စက်မှုဘက်ဆိုင်ရာ အင်ဂျင်နီယာများ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲကို အင်န်အိပ်ချ်ကေ သတင်းဌာနမှ တာဝန်ယူကျင်းပခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ အင်န်အိပ်ချ်ကေ ဥက္ကဋ္ဌဖြစ်သူက ပိုမိုကောင်းမွန်သော အစီအစဉ်များ ထုတ်လွှင့်နိုင်ရေးအတွက် ခေတ်မီဆန်းသစ်သည့် နည်းပညာများ လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ဆွေးနွေးပွဲကို နှစ်ပတ်ကြာ ကျင်းပစဉ်ကာလအတွင်း ပညာပိုင်းတွင် အရည်အသွေး တိုးတက်ရန်အတွက် ဆွေးနွေးကြမည်ဟု သိရသည်။ **(အင်န်အိပ်ချ်ကေ)**

# လပိမာန်လေ့လာရေး စမတ်ဝမ်း အာကာသယာဉ် လ၏ အနီးဆုံးနေရာသို့ ရောက်ရှိနေပြီ

ပါရီ နိုဝင်ဘာ ၁၇

**ပထမဆုံးဥရောပ အာကာသယာဉ်သည် လဗိမာန်သို့ လွှတ်တင်ခဲ့ရာ လပတ်လမ်းကြောင်း အတွင်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း ဥရောပ အာကာသ အေဂျင်စီ(အီးအက်စ်အေ)က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။**

စမတ်ဝမ်းအမည်ရှိ အဆိုပါအာကာသယာဉ်သည် လဗိမာန်မှ အနီးဆုံးနေရာသို့ ရောက်ရှိခဲ့ကြောင်း၊ တနင်္လာနေ့က လမျက်နှာပြင်၏ ကီလိုမီတာ ၅၀၀၀အတွင်း ရောက်ရှိနေခြင်းဖြစ်ကြောင်း အီးအက်စ်အေက ပြောကြားသည်။

### လေ့လာ

သိပ္ပံပညာရှင်များသည် လအနီး ပတ်လမ်းကြောင်းအတွင်း အာကာသယာဉ်တည်ငြိမ်မှုရရှိစေရန် လေ့လာလျက်ရှိသည်။

ဇန်နဝါရီလလယ်ခန့်တွင် စမတ်ဝမ်းသည် လ၏တောင်ဝင်ရိုးစွန်းအပေါ် ကီလိုမီတာ ၃၀၀နှင့် လ မြောက်ဝင်ရိုးစွန်းအပေါ် ကီလိုမီတာ ၃၀၀၀ အကြားအမြင့်တွင် လဗိမာန်ကို လှည့်လည်မည်ဖြစ်ကြောင်း၊ ၎င်း၏ သိပ္ပံပညာရှင်များသည် လေ့လာမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း အီးအက်စ်အေ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

### စူးစမ်း

အဆိုပါ အာကာသယာဉ်ငယ်သည် လမျက်နှာပြင်တွင် အဓိက ဒြပ်စင်များ၊ ပြည့်စုံသော အသေးစိတ်စစ်တမ်းများနှင့် လွန်ခဲ့သောနှစ် ၄ ဒသမ ၅ ဘီလီယံက ကမ္ဘာမြေနှင့် ဂြိုဟ်ငယ်တစ်လုံးတို့ တိုက်မိကြရာမှ လဖြစ်ပေါ်လာသည်ဆိုသည့် သီအိုရီကို စူးစမ်းလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

စမတ်ဝမ်းကို နေရောင်ခြည်-အီလက်ထရွန်နစ် တွန်းကန်အား နည်းပညာသစ်ဖြင့် စမ်းသပ်ပျံသန်းခဲ့ခြင်း ဖြစ်သည်။

စမတ်ဝမ်းကို ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၇ရက်က ပြင်သစ်နိုင်ငံ ဂူယာနာပြည်နယ် ကိုယာရိမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**



**အိတ်ဖ်-၄၃ အေ အမျိုးအစား အသံထက်မြန်သော ဂျက်လေယာဉ် စမ်းသပ်မှုကို နာဆာတီဗွီ ရုပ်မြင်သံကြားမှ တစ်ဆင့် တွေ့ရစဉ်။** (ယင်းဂျက်လေယာဉ်သည် လူလိုက်ပါခြင်းမရှိဘဲ အသံထက် ၁၀ ဆ မြန်ကြောင်း၊ တစ်စက္ကန့်လျှင် ၃ ဒသမ ၂ ကီလိုမီတာ အမြန်နှုန်းရှိကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

✡ **ရှေ့ဖုံးမှ**

## သင်းလုံးကျွတ်အစည်းအဝေးစတင်

အစီအစဉ်အရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကျောင်းသားကျောင်းသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ မူပိုင်တေးသီချင်းများဖြစ်သည့် ဂီတစာဆို ကိုရင်အောင် ရေးစပ်သီကုံးသော **'ပြည်မြန်မာ'** တေးသီချင်းနှင့် ဂီတစာဆို ဟသ်ာတမြင့်ငွေ ရေးစပ် သီကုံးသော **'ရာသက်ပန်ပြည်ထောင်စု'** တေးသီချင်းတို့ကို စုပေါင်းသီဆိုကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ကို စတင်ဖွင့်လှစ်လိုက်သည်။

ထို့နောက် အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၄၄၂ ဦးရှိသည့်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေး အထမြောက်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးကို စုံစုံညီညီ တက်ရောက်လာကြသည့်အတွက် ဂုဏ်ပြုပါကြောင်းနှင့် ကြိုဆိုပါကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

### ဝမ်းမြောက်ဂုဏ်ယူ

အသင်းကြီးသည် စုစည်းညီညွတ်သည့် အမျိုးသားရေးအင်အားစုကြီး တစ်ရပ်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရ၏မှန်ကန်သော ဦးဆောင်မှုအောက်တွင်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရင်း အသင်းကြီး၏ စီမံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လေ့ကျင့်ရေးကိစ္စများကို ဆောင်ရွက်ရာ၌ ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့၍ အသင်းကြီး၏မှန်ကန်မွန်မြတ်သည့် ရပ်တည်ချက်၊ ရည်ရွယ်ချက် လုပ်ငန်းစဉ်များသည် လူငယ်ထုအတွင်း၊ ပြည်သူအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီး ယုံကြည်သက်ဝင် ပူးပေါင်းဆောင်ရွက်လာကြသည်မှာ လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက အသင်းဝင်အင်အားတိုးတက်များပြားလာသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းလှပါကြောင်း။

အသင်းကြီးကို ဖွဲ့စည်းတည်ထောင်စဉ်ကစပြီး အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်ရင်း အသင်းအဆင့်ဆင့်၏စည်းရုံးရေးကို ကျစ်လျစ်ခိုင်မာသည့်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)






ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်နှင့် အခြေခံပညာအထက်တန်းကျောင်းများမှ အသင်းဝင်ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မူပိုင်တေးသီချင်း နှစ်ပုဒ်ဖြစ်သည့် 'ပြည်မြန်မာ'နှင့် 'ရာသက်ပန်ပြည်ထောင်စု'တေးသီချင်းကို သီဆိုပြီး အစည်းအဝေးကို ဖွင့်လှစ်စဉ်။

(သတင်းစဉ်)

စည်းလုံးရေးဖြစ်အောင် စီမံချက်အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

### လူ့စွမ်းရည်ဖွံ့ဖြိုးရေး

အသင်းဝင်များကို အရေအတွက်သာမက အရည်အချင်းပါပြည့်ဝအောင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများထက်မြက်အောင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဖွင့်လှစ်ပြီးလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဗဟိုအဆင့်အနေဖြင့် မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း ခြောက်ကြိမ်၊ အမှုဆောင်များစီမံခန့်ခွဲရေးသင်တန်း ၂၄ကြိမ်၊ အမှုဆောင်များအဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း ၁၀ ကြိမ်၊ အထူးမွမ်းမံသင်တန်း ခုနစ်ကြိမ်၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း ခုနစ်ကြိမ်၊ မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်းလေးကြိမ်၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာအလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်၊ ကွန်ပျူတာလုပ်ငန်းသုံးစာရင်းကိုင် ဒီပလိုမာသင်တန်းနှင့်အခြေခံနှင့်ရုံးသုံး ကွန်ပျူတာသင်တန်းများဖွင့်လှစ်ပြီး ဗဟိုအဆင့်က အသင်းဝင်တစ်သောင်းကျော် (၁၄၆၆၃)ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ခြင်းသည် လူ့စွမ်းရည်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များပင်ဖြစ်ကြောင်း။

### ထက်မြက်အောင်လေ့ကျင့်

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်အသီးသီးတွင်လည်း အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းများ၌ အသင်းဝင်လေးရာကျော် (၄၇၃)၊ မြန်မာ့

*စာမျက်နှာ ၆ သို့*

**စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

တံတားကြီးတွေကို မိမိလူမျိုး၏ စွမ်းရည်အဖြစ် တန်ဖိုးထားခြင်း၊ မြတ်နိုးခြင်းဖြစ်သည်။ တံတားများ ရေရှည်တည်တံ့ရေး၊ မြစ်ရေ၊ ချောင်းရေတိုက်စားမှုကာကွယ်ရေးအတွက်လည်း ကြိုတင်ကာကွယ်တားဆီးမှုများကို ဒေသအဆင့်နှင့် ဗဟိုအဆင့် ညှိနှိုင်းပူးပေါင်း၍ ကြိုတင်ပြုလုပ်ရန် ထပ်မံလမ်းညွှန်မှာကြားသည်။

ဤနေရာ၌ **ဦးဆောင်ဦးရွက်ပြုသည့် နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်နှင့် ဒေသအတွက် စေတနာအပြည့်ဖြင့် မြော်မြင်တွက်ဆပြီး လမ်းညွှန်မှာကြားတာဝန်ပေးအပ်ရုံသာမက လုပ်ငန်းခွင်အထိ ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးအားပေးဖြည့်ဆည်းမှုများသည် လုပ်ငန်း အောင်မြင်မှု၏သော့ချက်ဖြစ်**သည်ဟု ဆိုရမည်။ တံတားပင် ဖြစ်စေ၊ ဆည်တမံပင်ဖြစ်စေ တည်ဆောက်မည့်နေရာကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုစစ်ဆေး ရွေးချယ် ပေးသည်။ တည်ဆောက်နေချိန်၌လည်း မိမိကိုယ်တိုင် သာမက အခြား ခေါင်းဆောင်များကို ကြည့်ရှုစစ်ဆေးခိုင်းသည်။ လုပ်ငန်းကို လုပ်ကိုင်နေသည့် အင်ဂျင်နီယာများနှင့်အတူ ထပ်တူထပ်မျှ ခံစားသည်။ တွေးတောပူပင်သည်၊ အလုပ်လုပ်နေသူများကို တန်ဖိုးထားခြင်း၊ စေတနာထားခြင်းလည်းဖြစ်သည်။ ဤမွန်မြတ်သော စေတနာနှင့် ဦးဆောင်ဦးရွက်ပြုမှုများသည် ငယ်သားများအတွက် အားဆေးဖြစ်ရာ တံတားကြီးများသည် တစ်စင်းပြီးတစ်စင်း အချိန်တိုအတွင်း အံ့မခန်းပေါ်ထွက်လာသည်။ အရှည် ပေ၂၁၄၀ရှိသည့် ပုသိမ်တံတားဖြင့် ငဝန်မြစ်ကို ကျော်ဖြတ်သကဲ့သို့ ဧရာဝတီမြစ်၊ အိမ်မဲမြစ်၊ မြောင်းမြမြစ်၊ ပင်လယ်လေးမြစ်၊ တိုးမြစ်၊ ရွှေလောင်းမြစ်၊ ဝါးခယ်မမြစ်၊ ဒါးကမြစ်နှင့် ချောင်းအသွယ်သွယ်ကို ဖြတ်ကျော်နိုင်ပြီဖြစ်သည်။ ဧရာဝတီ အပါအဝင် တစ်နိုင်ငံလုံး၌ တံတားကြီးပေါင်း ၁၈၈ စင်း တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်၍ ဧရာဝတီအပြင် သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် စသည့် မြစ်ကြီးမြစ်ငယ်တို့ကို လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်နေပြီ ဖြစ်သည်။

မြစ်များကိုကျော်၊ ချောင်းများကိုကျော်နိုင်သည်နှင့်အမျှ မြစ်ခြားချောင်းခြားနေခဲ့သည့် ဧရာဝတီ၏ နယ်မြေများသည် တစ်ဆက်တစ်စပ်တည်း ဖြစ်လာသည်။ ငဝန်မြစ်ကို ငါးသိုင်းချောင်းတံတားနှင့် ယခု ပုသိမ်တံတားတို့ဖြင့် ကျော်လွှားနိုင်ပြီ ဖြစ်သည်။ မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ဒေးဒရဲတံတားတို့ဖြင့် ဧရာဝတီတိုင်းအတွင်း ဧရာဝတီမြစ်ကို နေရာသုံးနေရာမှ ဖြတ်ကျော်သွားလာ နေကြပြီဖြစ်သည်။

**ထို့ကြောင့် မြစ်များ၊ ချောင်းများ ပေါများသော ဧရာဝတီသည် မိရိုးဖလာသွားလာနေခဲ့ရသည့် ရေကြောင်းသာမက ခေတ်မီတံတားများဖြင့် ကုန်းလမ်းကြောင်းသစ်များအတိုင်း လုံခြုံစိတ်ချစွာ လွယ်လွယ်ကူကူ ဉဒဟိုသွားလာနိုင်သည့် ခေတ်သစ်သို့ ရောက်ရှိနေပြီဖြစ်သည်။** လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းလာသည်နှင့်အမျှ ဧရာဝတီသည် ရှေ့သို့တစ်ရှိန်ထိုး တိုးတက်ဦးမှာဖြစ်သည်။

ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ဆက်လက်မြင့်မားရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

> **"နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးသကဲ့သို့ ဧရာဝတီတိုင်းကလည်း မိမိတို့၏ ရေ၊ မြေ သဘာဝ သယံဇာတတို့ကို ထိထိရောက်ရောက်အသုံးချ၍ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားသွားစေချင်ကြောင်း၊ သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်သည့် လူသယံဇာတကလည်း ဧရာဝတီတိုင်း၌ လုံလောက်စွာရှိပြီးဖြစ်၍ တီထွင်ကြံဆ ကြိုးပမ်းအလုပ်လုပ်သွားကြရန်သာ လိုကြောင်း"**

ဖြင့် မိန့်ကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဧရာဝတီ၌ အခြေအနေပေးထားသည့် သဘာဝ အခွင့်အလမ်းကောင်းများကို အသုံးချ၍ စပါး၊ ပဲ၊ ဆီထွက်သီးနှံ၊ ဂုန်လျှော် ထုတ်လုပ်မှုတိုးတက်ရေး၊ မွေးမြူရေးကဏ္ဍ တိုးချဲ့ထုတ်လုပ်ရေးတို့ကိုသာမက ထုတ်ကုန်အမယ်သစ်များ ရှာဖွေထုတ်လုပ်ရေး၊ အလားအလာရှိသည့် စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရေးတို့ကိုပါ အလေးထား လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်က အားထားရသော တိုင်းကြီးဖြစ်နေစေရေး ဧရာဝတီက အလုပ်ဖြင့် သက်သေပြကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆန်ကျဲရ်ထွေးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးတို့ ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

*စာမျက်နှာ ၅ မှ*

ဖွံ့ဖြိုးရေးလေ့လာမှုသင်တန်းများ၌ ခုနစ်သောင်းကျော် (၇၀၇၃၉)၊ အခြေခံစည်းရုံးရေး သင်တန်းများ၌ ငါးသိန်းနီးပါး (၄၉၂၅၆၄)၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၌ ဆယ့်ခြောက်သန်းကျော် (၁၆၂၇၀၀၀၃)၊ အသက်မွေးဝမ်းကျောင်းမှုသင်တန်းများ၌ တစ်သောင်းကျော် (၁၄၆၅၆)၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၌တစ်သန်းကျော် (၁၁၃၇၆၂၉)၊ အသုံးလုံးသင်တန်းများ၌ တစ်သိန်းကျော် (၁၄၈၇၈၈)၊ အားကစားသင်တန်းများ၌ ခြောက်သောင်းကျော် (၆၉၁၁၇)၊ ဂီတသုခုမအနုပညာသင်တန်းများ၌ သုံးသောင်းကျော် (၃၁၅၉၁)၊ အခြားသင်တန်းများ၌ ခြောက်သိန်းကျော် (၆၅၂၈၈၀)ကို တက်ရောက်စေခဲ့၍ စုစုပေါင်းအသင်းဝင် လူငယ်မောင်မယ်တစ်ဆယ့်ရှစ်သန်းကျော် (၁၈၉၀၃၁၀၃)ကို စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ကျွမ်းကျင်မှုဆိုင်ရာအရည်အချင်းများ ထက်မြက်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ကြောင်း။

### တက်ကြွစွာပူးပေါင်းပါဝင်

အသင်းဝင်များကို ကိုယ်ရည် ကိုယ်သွေးကောင်းသည့် ပင်ကိုအရည်အချင်းများကို အပတ်တကုတ်ကြိုးစား အားထုတ်နေသော လူတော်များ၊ ကိုယ်ကျင့်



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသော ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**

# မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် ခံယူကျင့်သုံးအကောင်အထည်ဖော် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွအင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အစည်းအဝေးသို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်း အစည်းအဝေးသို့ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)**

တရား၊ အကျင့်သိက္ခာသီလကောင်းပြီး၊ အများအပေါ်ကောင်းသည့် လူကောင်းများအဖြစ် နောက်လိုက် ကောင်းစိတ်၊ ခေါင်းဆောင်ကောင်း အရည်အချင်းများ လေ့ကျင့်ပျိုးထောင် ပေးနေခြင်းများသည် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ် နိုင်ငံတော်အတွက် ပံ့ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် နိုင်ငံတော်ကြီးယခုရှိနေသော အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့်အချိန်အခါကောင်း၊ နိုင်ငံတော် အစိုးရ၏ ဦးဆောင်ဦးရွက်မှုကောင်းသော အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်းဆုပ်ကိုင်ပြီး အသင်းကြီး၏ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် နေ့မအားညမနား ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည့် နယ်စွန်နယ်ဖျား နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး၌ မြို့ပြဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖွံ့ဖြိုးရေးဒေသကြီးများ ထူထောင်ကာ လုပ်ငန်းစဉ်များချမှတ်ပြီး တစ်နိုင်ငံလုံးအကြားအလပ်မကျန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည်မှာလည်း ပြည်သူများ အတွက်ပင်ဖြစ်၍ အသင်းကြီးအနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ယှဉ်ပြိုင်လှုပ်ရှားဆောင်ရွက်

နိုင်ငံတော်၏ လက်ရှိစီးပွားရေးသည် စိုက်ပျိုးရေးအပေါ် အခြေခံနေရသေးသည့်အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သော စိုက်ပျိုးရေရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ထူထောင်ဆောက်လုပ်ပေးခဲ့သည်မှာ ယနေ့နိုင်ငံတစ်ဝန်းလုံး၌ တည်ဆောက်ပြီး မြစ်ရေတင်စီမံကိန်း ၂၇၁ခု၊ ဆည်မြောင်း တာတမံ၁၆၇ခုနှင့် တည်ဆောက်ဆဲ တာတမံ ၃၆ခု ရှိလာပြီဖြစ်ကြောင်း၊ လက်ရှိကာလ၏ စီးပွားရေးစီမံကိန်းတွင် စက်မှုကဏ္ဍကို သိသိသာသာတိုးတက်အောင် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံပိုင်သာမက ပုဂ္ဂလိကပိုင်စက်မှု ကဏ္ဍမြင့်မားရေးအတွက်

နိုင်ငံတော်အတွင်း စက်မှုဇုန်ပေါင်း ၁၈ဇုန်ဖွဲ့စည်းပေးပြီး အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ စက်မှုဇုန်များ၏ ထုတ်လုပ်မှုဖြစ်စဉ်များ တိုးတက်လာပြီး ယှဉ်ပြိုင်လှုပ်ရှား ဆောင်ရွက်လာသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပြည်သူတို့၏စီးပွားရေးလူမှုဘဝ တိုးတက်မြင့်မားရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကပါဝင်ကြောင်း၊ နိုင်ငံတော်၌ လမ်းတံတားကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်း၊ ရေကြောင်း ပို့ဆောင်ရေးကဏ္ဍများကို အခြေခံတောင့်တင်းအောင် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်သည် ၂၀၀၄ခုနှစ်အထိ လမ်းမိုင်သုံးသောင်းကျော် (၃၅၂၁၂ မိုင်)၊ မီးရထားလမ်းမိုင် တစ်ထောင်ကျော် (၁၁၂၈ မိုင်) ဖောက်လုပ်ခဲ့ပြီး လေယာဉ်ကွင်းသစ် ၁၂ကွင်း

တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း၊ မြစ်ကူးတံတားကြီးများ အပါအဝင် ပေ၁၈၀ အထက်တံတားကြီး ၁၈၈စင်းကိုလည်း တည်ဆောက်ပေးခဲ့နိုင်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် ပြည်ထောင်စုလမ်းမကြီးအသွင်သာမက အနာဂတ်တွင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ကူးသန်းဆက်သွယ်နိုင်မည့် အနေအထားအထိ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

စက်မှုဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးရေး သဘာဝအရင်းအမြစ်စွမ်းအင်ရတနာသိုက်များကိုလည်း ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ယခုဆိုလျှင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား စက်တပ်ဆင်ပမာဏအနေဖြင့် ၇၆၇မဂ္ဂါဝပ် တိုးချဲ့တပ်ဆင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

### ပါရဂူဘွဲ့အထိသင်ကြားနိုင်

ခေတ်မီဖွံ့ဖြိုးရေးနှင့် အဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်ကိုတည်ဆောက်ရာတွင် ပညာရေး၊ ကျန်းမာရေးအပိုင်းကိုလည်း အခြေခံအားဖြင့် တည်ဆောက်နိုင်ခဲ့ကြောင်း၊ အခြေခံပညာကဏ္ဍ၌ နိုင်ငံသားတိုင်းအခြေခံပညာသင်ယူခွင့်ရရှိရေးကို စီမံကိန်းချဆောင်ရွက်နေကြောင်း၊ လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ယခုဆိုလျှင် စာတတ်မှုနှုန်း ၉၃ရာခိုင်နှုန်းကျော် တိုးတက်လာပြီ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၌ တက္ကသိုလ်ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် အဆင့်မြင့်ပညာဆည်းပူးသူ ကိုးသိန်းခန့်အထိ တိုးတက်လာကြောင်း၊ ဘာသာရပ်ပေါင်းစုံ တိုးချဲ့သင်ကြားနိုင်ပြီး ပါရဂူဘွဲ့အထိ သင်ကြားပို့ချနိုင်ခဲ့ကြောင်း။

ပြည်သူ့ကျန်းမာရေးအတွက် ပြည်နယ်၊ တိုင်း၊ နယ်စပ်ဒေသမကျန် နေရာအားလုံး၌ ဆေးရုံပေါင်း ရှစ်ရာကျော် (၈၁၃)ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ လူဦးရေ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်ပြည်သူများဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရာတွင် ကျေးလက်နှင့် မြို့ပြ ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း။

*စာမျက်နှာ ၇ သို့*



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေး အသင်း နှစ် ပတ် လည် သင်း လုံး ကျွတ် အစည်းအဝေး (၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စား လှယ် များ အစည်းအဝေး တက် ရောက်ကြောင်း လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)**

စာမျက်နှာ ၆ မှ

- ကျေးရွာအချင်းချင်းနှင့် ကျေးရွာနှင့်မြို့များ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊
- ကျေးရွာများတွင် စိုက်ပျိုးရေနှင့် သန့်ရှင်းသည့်သောက်သုံးရေ ရရှိရေး၊
- ကျေးလက်ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး၊
- ကျေးလက်နေပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု ပြည့်ပြည့်ဝဝ ရရှိပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊
- စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ကျေးလက်စီးပွားရေးဘဝ တိုးတက်မြင့်မားရေး

တို့ကို အသင်းကြီးသည် ဌာနဆိုင်ရာများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း ဦးဆောင်ပါဝင်ပြီး တစ်နိုင်ငံလုံး စွမ်းအားရှိသရွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖြစ်သည့် ကျေးလက်ဒေသမီးလင်းရေးကိုလည်း လုပ်ငန်းစီမံချက်များ ချမှတ်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသစည်းရုံးရေးသည် တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့

## သဘာပတိအဖွဲ့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်း အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးသိန်းအောင်တို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)



# အသင်းဝင်များ၏ ကိုယ်ရည်ကိုယ်သွေးကောင်းသည့် ပင်ကိုအရည်အချင်းများကို လေ့ကျင့်ပျိုးထောင်ပေးနေ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်ဆောင်ရွက်နေခြင်းဖြစ်





ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ကိုင်ပြခြင်းကြောင့် ဒေသခံပြည်သူများက ယုံကြည်လက်ခံလာပြီး အသင်းကြီး၏ လုပ်ငန်းစဉ်များအပေါ် ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေးမှုများကို ရရှိလာမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများကို စိတ်ဝင်စားစွာလေ့လာပြီး ပြည်သူတို့၏ လိုအင်ဆန္ဒအခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းသည် ရင်းနှီးယုံကြည်အားကိုးမှုများ ရရှိလာစေပြီး အတူပူးပေါင်းဆောင်ရွက်ရင်း၊ လက်တွေ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း ကျေးလက်ပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင် လှုပ်ရှား ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ကျင်းပခဲ့သည့် အသင်းအဆင့်ဆင့်၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများ၏ ဦးတည်ချက်များဖြစ်သော–

- အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ခံယူကျင့်သုံးရေး၊
- နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက် အောင်မြင်ရေး၊
- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊
- နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားစွာဆောင်ရွက် အကောင်အထည်ဖော်ရေး၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှု အင်အားဖြင့်ကာကွယ်ရေး၊
- အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်းစွမ်းရည်များ မြှင့်တင်ရေး၊
- နယ်ပယ်အားလုံးကွက်ပြည့်တိုးချဲ့စည်းရုံးရေးနှင့် ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး

ဆိုသည့် အချက်များသည် မွန်မြတ်မှန်ကန်လှပြီး လက်တွေ့ခံယူကျင့်သုံးရမည်ဖြစ်၍ ဦးတည်ချက်များ အောင်မြင်ရေးကို အသင်းဝင်များက ဦးစားပေးလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း။

### ခိုင်ခိုင်မာမာရပ်တည်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကို ရယူပြီး ချမှတ်ထားသော ဦးတည်ချက်၊ ရည်မှန်းချက်များကို အောင်မြင်အောင် အရှိန်အဟုန်ဖြင့် နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ရောက်ရှိနေပြီး အမျိုးသားစည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ စီးပွားရေးအခြေခံ အဆောက်အအုံကောင်းများ၊ လူမှုဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံကောင်းများ ဖြစ်ထွန်းနေချိန်တွင် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးလမ်းစဉ်အဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ခိုင်ခိုင်မာမာ ခံယူကျင့်သုံးရပ်တည်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆင့် အဓိကအကျဆုံး အရေးကြီးဆုံးဖြစ်သော အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များစုံညီစွာဖြင့် စတင်ကျင်းပနိုင်ပြီဖြစ်ကြောင်း။

### အကောင်အထည်ဖော်

အသင်းကြီးက ဦးဆောင်ပြီး ပြည်နယ်၊ တိုင်းများအလိုက် ကြိုဆိုထောက်ခံပွဲများနှင့် ပုဂ္ဂလူထုကြိုဆိုထောက်ခံပွဲများ၌ အတိအလင်းထောက်ခံကြိုဆိုပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးအောင်မြင်ရေး၊ မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးကို လက်ငင်းအမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် ခံယူကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ဓနအင်အားခိုင်မာတောင့်တင်းရန်နှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်လှကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဓနအင်အားခိုင်မာ တောင့်တင်းရေးအတွက် အမျိုးသားစီးပွားရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးများ စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိရာတွင် အသင်းကြီးအနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

### ကျေးလက်ဖွံ့ဖြိုးရေး

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၃)က ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များဖြစ်သော–

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာကွယ်တည်ဆောက်ရေး၊
- နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို အသင်းကြီး၏ မူဝါဒအဖြစ်ခံယူကျင့်သုံးရေး၊
- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ပုဂ္ဂလူထုအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကျရာ အခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက်ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊

စာမျက်နှာ ၈ သို့

## ကျေးလက်ပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင်

**ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်ပြသခြင်းကြောင့် ဒေသခံပြည်သူများက ယုံကြည်လက်ခံလာပြီး အသင်းကြီး၏ လုပ်ငန်းစဉ်များအပေါ် ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေးမှုများကို ရရှိလာမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများကို စိတ်ဝင်စားစွာလေ့လာပြီး ပြည်သူတို့၏ လိုအင်ဆန္ဒအခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းသည် ရင်းနှီးယုံကြည်အားကိုးမှုများရရှိလာစေပြီး အတူပူးပေါင်းဆောင်ရွက်ရင်း၊ လက်တွေ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရင်း ကျေးလက်ပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင် လှုပ်ရှား ဆောင်ရွက်သွားနိုင်မည်။**

19-11 (07).p65 1 3/25/05, 7:48 PM





စည်းရုံးရေးကဏ္ဍ နီးနှောဖလှယ်ပွဲ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)တွင် စည်းရုံးရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရေးဆိုသည့် အစုအဖွဲ့အလိုက်ပြုလုပ်မည့် နီးနှောဖလှယ်ပွဲများကို ကိုယ်စားလှယ်များသည် ခိုင်မာသည့် ယုံကြည်ချက်၊ အယူအဆ၊ လုပ်နည်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြကြပါ၊ တွေ့ရှိချက်၊ တင်ပြချက်များအပေါ် အခြေခံပြီး နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ရှေ့လုပ်ငန်း

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်လိုက်ပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(၁၁)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဗဟိုအလုပ်အမှုဆောင်များနှင့် ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်အသင်းများမှ ကိုယ်စားလှယ်များအားလုံး စုံစုံညီညီတက်ရောက်လာကြသည့်အတွက် အားရဝမ်းမြောက်မိကြောင်းကိုလည်း ပြောကြားလိုကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာရေးအတွက် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များကို မဏ္ဍိုင်ပြုပြီး မွန်မြတ်မှန်ကန်လှသော ရည်ရွယ်ချက်၊ အခြေခံမူ၊ ကတိသစ္စာ၊ ကျင့်ဝတ်နှင့်တာဝန်ဝတ္တရားများကို ဦးထိပ်ပန်ဆင်ပြီး ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် (၁၁)နှစ်ပြည့်ခဲ့ပြီ ဖြစ်ကြောင်း၊ အသင်းကြီး၏ ကောင်းမြတ်သည့် အစဉ်အလာအတိုင်း စတင်ဖွဲ့စည်းကတည်းကစပြီး နှစ်စဉ် သင်းလုံးကျွတ် အစည်းအဝေးများကိုကျင်းပပြီး ဤအစည်းအဝေးများတွင် တစ်နှစ်တာကာလ ရှေ့လုပ်ငန်းစဉ်များ၊ အကောင်အထည်ဖော်နိုင်မှုများ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ရှေ့နှစ်အတွက် လက်တွေ့ကျသော ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရေး အမျိုးသားရေးတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များကို မဏ္ဍိုင်ပြုပြီး ဖွဲ့စည်းတည်ထောင်ခဲ့

စာမျက်နှာ ၇ မှ

- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် အသင်းကြီးက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တတိယကာလတို (၅)နှစ် စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရေး၊**
- **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ စွမ်းရည်လေးရပ် မြှင့်တင်ပြီး ကွက်ပြည့်စည်းရုံးသွားရေး၊**
- **အသင်းနာယကကြီးမိန့်ကြားသော သြဝါဒများကို မိမိတို့၏လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးရေးဆိုသည့် ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များကို မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် တစ်နှစ်တာကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအလိုက် ကိုယ်စားလှယ်များက အလေးအနက် ရှင်းလင်းတင်ပြကြရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့အတွက် မိမိပြည်နယ်၊တိုင်းအသင်းက စည်းရုံးဦးဆောင် ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ကွက်ပြည့်နှင်း စည်းရုံးဆောင်ရွက်နိုင်မှု အခြေအနေများကို နက်နက်ရှိုင်းရှိုင်း တင်ပြကြရမည်ဖြစ်ကြောင်း၊ တင်ပြရာတွင် ကောင်းသည့်အချက်၊ အားသာသည့်အချက်များကို မှတ်သားရယူပြီး မိမိနယ်မြေဒေသ၌ ပိုကောင်းသော လုပ်ငန်းစဉ် လုပ်နည်းများအဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။**

## ရှေ့လုပ်ငန်းစဉ်များချမှတ်

ယခုအစည်းအဝေးတွင် စည်းရုံးရေးရာ၊ စီမံရေးရာ၊ စီးပွားရေးရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေးရာ၊ အေးချမ်းတည်ငြိမ်ရေးမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊မျိုးဆက်သစ်လူငယ်များ စွမ်းရည်မြင့်မား





စဉ်များချမှတ်နိုင်ရေးကို အပြီးတိုင် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တက်ရောက်လာကြသော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) အကြိုညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီ ၃၅မိနစ်တွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသောင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးသိန်းညွှန့်နှင့် ဦးသိန်းအောင်တို့က ဆောင်ရွက်ကြသည်။

## လက်တွေ့ကျသော လုပ်ငန်းစဉ်

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် –

လေးစားအပ်ပါသော သဘာပတိများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသင်း အဆင့်ဆင့်မှ တက်ရောက်လာကြသော ကိုယ်စားလှယ်များအားလုံး

စီးပွားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် စီးပွားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

## အလေးအနက်ခံယူ

အစည်းအဝေးကြီး၏ စတုတ္ထနေ့ နိုဝင်ဘာ ၁၇ ရက် နံနက်ခင်းတွင် ပဓာနအကျဆုံး၊ အရေးအကြီးဆုံးအစီအစဉ်ဖြစ်သည့် နိုင်ငံတော်အကြီးအကဲ အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံက သြဝါဒခံယူသည့် အစီအစဉ်ဖြစ်ကြောင်း၊ နာယကကြီးသည် အသင်းစတင်ဖွဲ့စည်းသည့် ကာလကစပြီး ယခုအချိန်အထိ သင်းလုံးကျွတ်အစည်းအဝေးတိုင်းနှင့် ဗဟိုကဖွင့်လှစ်သည့် သင်တန်းများတွင် ကိုယ်တိုင်တက်ရောက် လမ်းညွှန်သြဝါဒ ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကကြီး၏ လမ်းညွှန်မှာကြားချက်၊ သြဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုလည်း လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း။

## ဂုဏ်ပြုချီးမြှင့်

မိမိတို့အသင်းကြီးသည် အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များကို အခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များ စိတ်ဓာတ်မြင့်မားကြံ့ခိုင်ရေးနှင့် စွမ်းရည်သုံးရပ်မြင့်မားရေးတို့ကို လေ့ကျင့်ပျိုးထောင်ရင်း အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ရည်မှန်းချက်ကိုရောက်အောင်ချီတက်ရာတွင် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ဆိုသည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားရေးအင်အားစုကြီးဖြစ်ကြောင်း၊ လူသားစွမ်းအားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ပြည်သူများနှင့်ပူးပေါင်းပါဝင် ဆောင်ရွက်ရင်း အသင်းကြီး၏ သက်တမ်းတစ်လျှောက်၌ ထူးချွန်သောလူငယ်များကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ယခင်နှစ်များအတိုင်း ထူးချွန်လူငယ်များကို ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသူ ကျောင်းသားများ၊ ထူးချွန်ကြက်ခြေနီ၊ ထူးချွန်အရန်မီးသတ်၊ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများ၌ အနည်းဆုံး ရွှေတံဆိပ် ငါးခုရှင်များနှင့် ကဏ္ဍအသီးသီးတွင် ထူးချွန်သည့်လူငယ်၊ မောင်မယ် စုစုပေါင်း ၉၀ ဦးကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း။

စီမံရေးကဏ္ဍ နီးနှောဖလှယ်ပွဲ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တွင် စီမံရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)





# နယ်မြေလူထု၏ဆန္ဒ၊ခံစားချက်နှင့်ဘဝကိုသိရှိပြီး လက်ငင်းအကျိုးနှင့်ရေရှည်အကျိုးရှိစေရန် ဝိုင်းဝန်းကူညီ အသင်းဝင်များအနေဖြင့် ပြည်သူနှင့်လက်တွဲကာ နိုင်ငံတော်တိုးတက်ရေးလုပ်ငန်းများအကောင်အထည်ဖော်






လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ
နှီးနှောဖလှယ်ပွဲ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တွင် လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။**

(သတင်းစဉ်)

ယင်းနောက် အစုအဖွဲ့ကဏ္ဍအလိုက် အကြိုနှီးနှောဖလှယ်ပွဲများကို သတ်မှတ်နေရာအသီးသီး၌ နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပသည်။

## အစုအဖွဲ့ အမှတ်(၁)

စည်းရုံးရေးကဏ္ဍအစုအဖွဲ့အမှတ်(၁)၏ အကြိုနှီးနှောဖလှယ်ပွဲကို ဘုရင့်နောင်ခန်းမ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းညွန့်နှင့် ဦးသိန်းအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရီရီဆွေနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းခင်လှညွန့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အကြိုနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၆၀ ရှိသည့်အတွက် အကြိုနှီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုနှီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက အကြိုနှီးနှောဖလှယ်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲများတွင် စည်းရုံးရေးကဏ္ဍအတွက် ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ် ၁၇ဦးတို့အား ရွေးချယ်တာဝန်ပေးအပ်သည်။

## ပြည်သူနှင့်လက်တွဲ

မိမိတို့အားလုံး၏ ပန်းတိုင်သည် မိမိတို့ချစ်သည့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ်ရောက်အောင် ပြည်သူအားလုံးနှင့် လက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရေးဖြစ်ကြောင်း၊ တိကျသည့် ပန်းတိုင်ရှိပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပေးထားပြီး အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါလမ်းစဉ်(၇)ရပ်သည် ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရန်အတွက် တစ်ခုတည်းသော မူဝါဒလမ်းစဉ်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် မိမိတို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ပြည်သူနှင့်လက်တွဲပြီး ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးတို့ကိုလည်း မိမိတို့၏ ပတ်ဝန်းကျင် နယ်မြေအလိုက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် ယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာအောင်တည်ဆောက်ပြီး မိမိပတ်ဝန်းကျင်၌ရှိနေသည့် နယ်မြေလူထု၏အမျိုးသားနိုင်ငံရေးအသိ နိုးကြားတက်ကြွလာစေရန် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ ခြေရှုပ်၊ သွေးထိုးမှုများက လွတ်ကင်းစေရန် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နယ်မြေလူထု၏ဆန္ဒ၊ ခံစားချက်နှင့် ဘဝအခြေအနေကို အမြဲနှလုံးသွင်းလေ့လာသိရှိနေကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထု၏ဆန္ဒ၊ ခံစားချက်နှင့်ဘဝကို သိရှိပြီး လက်ငင်းအကျိုးနှင့် ရေရှည်အကျိုးရှိစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခွင့်ရမည်ဖြစ်ကြောင်း၊ နယ်မြေလူထု၏ အကျိုးရှိမည့်လုပ်ငန်းများတွင် အောင်မြင်အောင် ပါဝင်ဆောင်ရွက်ရင်း နယ်မြေလူထု၏ ခင်မင်မှု၊ ယုံကြည်မှုကို တိုးမြှင့်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တိုးတက်ရေးအတွက် အရေးပါသည့်လုပ်ငန်းများတွင်လည်း အသင်းဝင်များအနေဖြင့် ပြည်သူနှင့်လက်တွဲပြီး အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

## အလေးအနက်ယုံကြည်

မိမိတို့အသင်းကြီးသည် အမျိုးသားရေးအင်အားစုအဖြစ် ခံယူရပ်တည်ပြီး နိုင်ငံတော်ကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်ရောက်အောင် လူထုနှင့်အတူ ကြိုးပမ်းအကောင်အထည်ဖော်သွားကြမည့် အသင်းကြီးဖြစ်ကြောင်း၊ ခိုင်မာသည့် ဦးတည်ချက်များလည်း ချမှတ်ထားပြီးဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင်လည်း ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ဆောင်ရွက်မှုများအပေါ် အခြေခံပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ အစည်းအဝေးကာလအတွင်းတွင် အစည်းအဝေးကြီး၏ ရည်မှန်းချက်အတိုင်း အသင်းကြီး၏ ၁၁ နှစ်ကျော်ကာလရှိသည့် လက်တွေ့နယ်ပယ် ပကတိအခြေအနေ အတွေ့အကြုံများအပေါ် အခြေခံပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ဤဆွေးနွေးမှုများကနေ အသင်းကြီး၏ နိုင်ငံတော်အကျိုး၊ နယ်မြေလူထုအကျိုးဖြစ်ထွန်းစေမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## ဖတ်ကြားကြေညာ

ထို့နောက် အခမ်းအနားမှူးက စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေး၊ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍဆိုင်ရာ အစုအဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖတ်ကြား ကြေညာပြီး သဘာပတိကြီး၏ ခွင့်ပြုချက်အရ အကြိုညှိနှိုင်းအစည်းအဝေး အစီအစဉ်များပြီးဆုံးကြောင်းနှင့် အစည်းအဝေးကို ခေတ္တရပ်နားကြောင်း ကြေညာသည်။






ပညာရေးကဏ္ဍ
နှီးနှောဖလှယ်ပွဲ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)တွင် ပညာရေးကဏ္ဍ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။**

(သတင်းစဉ်)

အေးချမ်းတည်ငြိမ်ခြင်း၊
စည်းလုံးညီညွတ်ခြင်းမှသည်
မူဝါဒလမ်းစဉ်(၇)ရပ်
အောင်မြင်ရေးကဏ္ဍ
နှီးနှောဖလှယ်ပွဲ

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)တွင် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ကဏ္ဍ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်။**

(သတင်းစဉ်)

## အစုအဖွဲ့အမှတ်(၂)

စီမံရေးကဏ္ဍအစုအဖွဲ့ အမှတ်(၂)၏ အကြိုနှီးနှောဖလှယ်ပွဲကို အနော်ရထာခန်းမ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသိန်းဆွေနှင့် သူရဦးအောင်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ရီရီမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်ခင်ဆွေဝင်းတို့က ဆောင်ရွက်ကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများ၏ ဦးတည်ချက်များ

- အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင် ခံယူကျင့်သုံးရေး၊
- နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များ အောင်မြင်ရေး၊
- နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊
- နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစွာ ဆောင်ရွက် အကောင်အထည်ဖော်ရေး၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး၊
- အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်းစွမ်းရည်များ မြှင့်တင်ရေး၊
- နယ်ပယ်အားလုံး ကွက်ပြည့် တိုးချဲ့စည်းရုံးရေးနှင့် ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး။





# နိုင်ငံတော်ကြီး အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်အောင် နေ့မအားညမနားဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ် ဖွံ့ဖြိုးရေးဒေသကြီးများထူထောင်ကာ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး တစ်နိုင်ငံလုံးအကြားအလပ်မကျန်ဆောင်ရွက်ပေးလျက်ရှိ

*စာမျက်နှာ ၉ မှ*

ရှေးဦးစွာ အခမ်းအနားမှူးက အကြိုနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၆၀ ရှိသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေက အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် ကဏ္ဍအလိုက်နီးနှောဖလှယ်ပွဲတွင် စီမံရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ကယားပြည်နယ် လွိုင်ကော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ညို၊ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမန်းငြိမ်းအောင်၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်မင်း၊ ကချင်ပြည်နယ် မန်စီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးဘရန်ဂျာ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ခဲ၊ တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းဦး၊ ပဲခူးတိုင်း (အနောက်) ပေါင်းတည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှိုင်မြင့်ဦး၊ ပဲခူးတိုင်း (အရှေ့) ဝေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ဇော်၊ မကွေးတိုင်း ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမြင့်၊ မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ဆွေဝင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသန်းလွင်၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိန်လှ၊ ရန်ကုန်တိုင်း လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးဇော်မင်းနိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)လွိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးရည်သန့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းပွင့်ဖြူ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးထွန်းရွှေနှင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလှမြင့်တို့က ဆွေးနွေးတင်ပြကြပြီး စီမံရေးကဏ္ဍအကြို နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## စီးပွားရေးကဏ္ဍ အစုအဖွဲ့

စီးပွားရေးကဏ္ဍ အစုအဖွဲ့အမှတ်(၃)၏ အကြိုနီးနှောဖလှယ်ပွဲကို မြဝတီဆောင်၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်သောင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအုန်းမြင့်နှင့် ဦးမောင်မောင်သိမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ရှားတောမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ချောစုရည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မို့မို့အိတို့က ဆောင်ရွက်ကြသည်။

## အကြိုနီးနှောဖလှယ်ပွဲစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အကြိုနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၆၀ ရှိသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကဏ္ဍအလိုက်နီးနှောဖလှယ်ပွဲတွင် စီးပွားရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းဆွေ၊ ကယားပြည်နယ် လွိုင်ကော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောမောရစ်၊ ကရင်ပြည်နယ် သံတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်၊ ချင်းပြည်နယ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွန်လာလ်၊ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းခိုင်၊ တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုး၊ ပဲခူးတိုင်း (အနောက်) မင်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ထွန်းစိုး၊ ပဲခူးတိုင်း(အရှေ့) ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ထွေးဦး၊ မကွေးတိုင်း မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဝင်း၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ဆန်း၊ မွန်ပြည်နယ် သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မြင့်၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုတင်၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းမြင့်အောင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မိုးအောင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းချွေလီလှိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းရီတစ်နှင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းတို့က ဆွေးနွေးတင်ပြကြပြီး သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ စီးပွားရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## လူမှုရေးနှင့်ယဉ်ကျေးမှု

လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ အစုအဖွဲ့ အမှတ်(၄) ၏ အကြိုနီးနှောဖလှယ်ပွဲကို အင်းဝဆောင်ရှိ အဆောင်အမှတ်(၈)၌ ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမောင်ပါနှင့် ဦးတင်နိုင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အရှေ့) တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နီနီမာကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းစုစုနွယ်ကလည်းကောင်း ဆောင်ရွက်ကြသည်။

## အကြိုနီးနှောဖလှယ်ပွဲ

ရှေးဦးစွာ အခမ်းအနားမှူးက လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၅၉ ဦးရှိသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ လူမှုရေးနှင့်ယဉ်ကျေးမှုကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်း၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်ချိုချိုခိုင်၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကီးပိုင်၊ စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်သန်း၊ တနင်္သာရီတိုင်း ကော့သောင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးစောမြင့်၊ ပဲခူးတိုင်း(အနောက်) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် ပဲခူးတိုင်း(အရှေ့) ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မေသန်းတင့်တို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ပညာရေးကဏ္ဍအစုအဖွဲ့ အမှတ်(၅)၏ အကြိုနီးနှောဖလှယ်ပွဲကို တကောင်းစားရိပ်သာ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်တင်လှိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဆန်ကျဲရ်ထွေးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အကြိုနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ် ၆၀ ရှိသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းက အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမည့် ကိုယ်စားလှယ် ၁၇ ဦးတို့အား ရွေးချယ်တာဝန်ပေးအပ်သည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်က ရှင်းလင်းမှာကြားပြီး ပညာရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး

အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးကဏ္ဍ အစုအဖွဲ့(၆)၏ အကြိုနီးနှောဖလှယ်ပွဲကို ခေတ္တရာစားရိပ်သာ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ညှိနှိုင်းရေးမှူး ဦးသန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးအောင်သိန်းလင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရွှယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းဟန်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အကြိုနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ် ၆၀ ရှိသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ရွေးချယ်တာဝန်ပေး

ယင်းနောက် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြမည့် ကိုယ်စားလှယ် ၁၇ ဦးတို့အား ရွေးချယ်တာဝန်ပေးအပ်ပြီး အကြိုနီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍဆိုင်ရာ အစုအဖွဲ့ အမှတ်(၇)၏ အကြိုနီးနှောဖလှယ်ပွဲကို ပုဂံစားရိပ်သာ၌ ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးပြည့်စုံ၊ သူရဦးအေးမြင့်နှင့် ဦးဉာဏ်ထွန်းအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အနောက်) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်မျိုးသီတာမြင့်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးကလည်းကောင်း ဆောင်ရွက်ကြသည်။

## မျိုးဆက်သစ်လူငယ်စွမ်းရည်မြင့်မားရေး

ရှေးဦးစွာ အခမ်းအနားမှူးက မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ပေါင်း ၆၀ ရှိသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်က အကြိုနီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၁၁ သို့*






**စွမ်းရည်မြင့်မားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) တွင် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

✻ *ကျော်ဖုံးမှ*

ယင်းသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဥာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဘောလုံးကော်မတီနှင့် တပ်မတော်ဘော်လီဘောကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှစစ်သံမှူး Senior Colonel Nguyen Van Thanh နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

**တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)**

### ကြိုးစားယှဉ်ပြိုင်

မြန်မာ့တပ်မတော် အားကစားအဖွဲ့ မထွက်ခွာမီ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် လေဆိပ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် ဇွဲ၊ သတ္တိအပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကစားကြရေး မှာကြားသည်။

### ပို့ဆောင်နှုတ်ဆက်

ထို့နောက် မြန်မာ့တပ်မတော် အားကစားအဖွဲ့သည် တပ်မတော်လေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၁၈ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း–ကျော်ဖုံး)(သတင်းစဉ်)**





*စာမျက်နှာ ၁၀ မှ*

### ဆွေးနွေးတင်ပြ

ဆက်လက်၍ မျိုးဆက်သစ်လူငယ်တို့၏စွမ်းရည်မြင့်မားရေးကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကိုကိုဦး၊ ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းချယ်ရီဦး၊ ချင်းပြည်နယ် ဖလမ်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတမ်အောင်၊ စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်း၊ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်ကျော်ဦး၊ ပဲခူးတိုင်း(အနောက်)ပြည်ခရိုင် ပန်းတောင်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောထူးဟန်၊ ပဲခူးတိုင်း(အရှေ့)တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဦး၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးရဲတင့်သိန်း၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သွယ်သွယ်ဝင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးစိုးဝင်းအောင်၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းလွင်လေး၊ ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းမြင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ညှိနှိုင်းရေးမှူး ဦးအောင်နိုင်ထွန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းစံမြင့်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်လွင်နှင့် ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးထွန်းထွန်းသန်းတို့က အသီးသီး ဆွေးနွေး တင်ပြကြသည်။

### ရွေးချယ်တာဝန်ပေး

ထို့နောက် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြမည့် ကိုယ်စားလှယ် ၁၇ ဦးတို့အား ရွေးချယ်တာဝန်ပေးအပ်သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အတွင်းရေးမှူး(၁)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် နိုဝင်ဘာ ၁၈

**တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၄ ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်း ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**

### ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားစစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်အရာရှိ၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘောလုံး အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့်အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### ယှဉ်ပြိုင်ကစားမည်

ပထမဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နယ်ဇုန်များတွင် နိုဝင်ဘာ ၂၂ရက်မှ ဒီဇင်ဘာ ၂ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၊ (ခ) အုပ်စု နတခဇုန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး)နှင့် (င)အုပ်စု တပခဇုန်(တောင်ငူ)တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကံထပ်အလှူပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) အား ရှစ်ဖြာပရိက္ခရာ စုံလင်စွာဖြင့် ရဟန်းဒါယကာ ဒါယိကာမများဖြစ်ကြသော စက်တွင်း (၁) ရပ်ကွက်နေ ဦးသိန်းထွန်း–ဒေါ်တင်မြိုင်တို့အား ဦးထိပ်ထားလျက် သားသမီးများဖြစ်ကြသော ဦးဝင်းမြင့်–ဒေါ်ချိုချိုစန်း၊ မောင်ဝင်းဇော်၊ မောင်ဝင်းမော်၊ မရီမွန်နှင်း၊ မောင်အောင်မြင့်–မဆွေဆွေဝင်းတို့က ကံထပ်အလှူပွဲကို နိုဝင်ဘာ ၂၁ရက်တွင် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း၌ ပြုလုပ်လှူဒါန်းမည်ဖြစ်သည်။ ယင်းအလှူပွဲတွင် ဇေယျဝတီ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) က သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

## ၂၀၀၄ ခုနှစ် (၈၄) နှစ်မြောက်အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၀၄ ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၄ ခုနှစ် (၈၄) နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အဖွင့်အမှာစကားပြောကြား

အစည်းအဝေးတွင် ၂၀၀၄ ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) က ၂၀၀၃ ခုနှစ် (၈၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကျင်းပပြီးစီးမှု အစီရင်ခံစာကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီအတွင်းရေးမှူးက ၂၀၀၄ခုနှစ် (၈၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကြပြီး(၈၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးသန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အဌမအကြိမ်မြောက် မိသားစုဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေးတို့အား အမှူးထား၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အဌမ အကြိမ်မြောက် မိသားစုဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်သင်တန်းကျောင်း သီတာခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေးတို့ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းဝင်း အောင်ဝတီ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒဇေထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး ပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒဇေအား ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့်ဇနီး ဒေါ်ခင်အေးတို့က ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

### ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက သင်္ကန်းအစုံရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တနန္ဒဇေထံမှ ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ယနေ့ လှူဒါန်းမှုအစုစုမှာ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် မီးသတ် ဦးစီးဌာနများက လှူဖွယ်ဝတ္ထု ပစ္စည်းများ စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၂၁)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၁၈

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ်အတွဲ (၄)၊ အမှတ်(၂၁)ကို အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွား ကူးသန်းဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ဖြန့်ချိထားသည်။ **(က–ပ)**

## မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမ္ဘာရာမဝိပဿနာကျောင်းတိုက် မဟာဘုံကထိန်အလှူကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်)သောကြာနေ့တွင် ကျောင်းဒါယကာဒါယိကာမများနှင့် ပန်းလှိုင်လမ်းနေ ကွယ်လွန်သူမိဘ(ဦးလှ–ဒေါ်သိန်း)တို့အား အမှူးထား၍ သားသမီးများဖြစ်ကြသော ဦးထင်အောင်–(ဒေါ်သန်းသန်း)၊ ဦးကျော်မြင့်–ဒေါ်မြစိန်၊ (ဦးတင်လှိုင်–ဒေါ်ညွန့်ရီ)၊ (ဦးဘိုဘို–ဒေါ်ခင်သာသာ)၊ ဦးခင်မောင်တင်–ဒေါ်ကြည်အောင်၊ (ဦးမြင့်သိန်း)–ဒေါ်သန်းသန်းစိန်၊ ဗိုလ်မှူးချုပ် စိုးဝင်းမောင် – ဒေါ်မြင့်မြင့်ဝေ၊ ဒေါက်တာသန်းဝင်း၊ ဒေါ်ခင်မာချိုမြေး၊မြစ်မိသားစုတို့ စုပေါင်း၍ ကပ်လှူကြမည်ဖြစ်သည်။ ကထိန်လျာသင်္ကန်း ကပ်လှူပွဲတွင် ရွှေတောင်မြို့ အမ္ဘာရာမ ကျောင်းတိုက် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဂန္ဓသာရ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရား ချီးမြှင့်မည်ဟု သိရသည်။ **(က–ပ)**

## ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) မဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်) နှင့် မြောက်ဥက္ကလာပ(၂)ရပ်ကွက်ရှိ ပန်းတနော်မြို့နယ်သူ မြို့နယ်သားများတို့ စုပေါင်း၍ မြောက်ဥက္ကလာပ(၂) ရပ်ကွက်ရှိ ပန်းတနော်ကျောင်း ဆရာတော် ဦးဓမ္မဝံသ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား နိုဝင်ဘာ၂၅ ရက် (တန်ဆောင်မုန်းလဆန်း၁၄ရက်) ကြာသပတေးနေ့ နံနက် ၉ နာရီတွင် မဟာဘုံကထိန်လျာသင်္ကန်း ကပ်လှူမည်ဖြစ်ရာ ပန်းတနော်မြို့နယ်သူ မြို့နယ်သားများနှင့် မြောက်ဥက္ကလာပ (၂)ရပ်ကွက်ရှိ ပန်းတနော်မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**နိုဝင်ဘာ ၁၁ ရက်က ရေဝေးသုသာန်တွင် နာရေးမော်တော်ယာဉ်များထားရှိရန်နှင့် အသင်းရုံးခွဲအဖြစ် နာရေးကူညီမှုလုပ်ငန်းများ ဆောင်ရွက်ရန် တန်ဖိုးငွေ ၈၅၄၇၅၈၉ ကျပ်ရှိသော ၄၅ ပေ x ပေ ၃၀ ရှိ အဆောက်အအုံနှင့် အဝီစိတွင်းတစ်တွင်းကို နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့နေ ဦးကိုကိုအေး–ဒေါ်သီသီနိုင် မိသားစုတို့က ရန်ကုန်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့ထံ ပေးအပ် လှူဒါန်းစဉ်။** (က–ပ)

## အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဝတ္ထုတိုပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲဆုရသူများစာရင်းကြေညာ

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၀၄ ခုနှစ် (၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက စာပေပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများမှ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။ ဝတ္ထုတိုပြိုင်ပွဲတွင် မာဃနိန္ဒ(ပုသိမ်ကြီး)၏ **"ထိပ်ဆုံးမှာ ချိတ်ထားမယ်"** က ပထမ၊ မုဆယ်ဝေါင်းခမ်း ၏ **"ကေသရာဇာ"** က ဒုတိယ၊ ရွှေညာသားမြတ်မင်း၏ **"လမင်းသာလို့ ကြယ်စင်ဝင်း"** က တတိယ အသီးသီးရရှိသည်။

### ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် မင်းသွေးနွယ်(ဇီးကုန်း)၏ **"အမျိုးသားအမွေစစ်နှင့် ရွှေခေတ်မြန်မာ"**က ပထမ၊ ဝင်းဝေနောင် ၏ **"သမိုင်းရှိစွ မြန်မာ့သွေး"**က ဒုတိယ၊ မောင်မောင်သက်ထွန်း (လှော်ကား)၏ **"ဝန်းရံလက်တွဲ ခိုင်မြဲသစ္စာကမ္ဘာတည်"**က တတိယ အသီးသီးရရှိသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို စာဆိုတော်နေ့ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၁၂ ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။

ဆုရရှိသူများသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၁၀ ရက် အစမ်းလေ့ကျင့်ပွဲ တက်ရောက်နိုင်ရန်အတွက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၉ ရက် ရုံးချိန်အတွင်း ဦးကိုကိုထွေး အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထံ လူကိုယ်တိုင်သတင်းပို့ကြရမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ဂူရှူးတံခွန်စိုက်ပြိုင်ပွဲဝင်ရန် ကာဇက်ကစ္စတန်အသင်းရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၈

၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၈ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆) ကြိမ်မြောက် အာရှဂူရှူး တံခွန်စိုက်ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကာဇက်ကစ္စတန်အသင်းသည် ယနေ့ည ၇နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ပြိုင်ပွဲဝင် ကာဇက်ကစ္စတန်အသင်းတွင် အုပ်ချုပ်သူ နည်းပြအဖြစ် Mr. Raduntsev Aleksandr ခေါင်းဆောင်၍ ဆန်းဆို အမျိုးသား အားကစားသမားနှစ်ဦးလိုက်ပါလာကြသည်။

### ပထမအကြိမ်

ကာဇက်ကစ္စတန်အသင်းသည် ယခုကျင်းပပြုလုပ်မည့် အာရှဂူရှူး တံခွန်စိုက်ပြိုင်ပွဲသို့ ပထမဦးဆုံးအကြိမ် ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ် ဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် နိုဝင်ဘာ ၁၈



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ အရိမဒ္ဒနပေါက္ကံပြည် ဒုတိယမြို့တည်ရာ ခမည်းတော် ဦးဘိုးခေတ်၊ မယ်တော် ဒေါ်ကျော့တို့မှ ၁၂၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၁ ခုနှစ်တွင် သီရိပစ္စယာရွာ သာယာဝတေ့တောရကျောင်းဆရာတော် ဘဒ္ဒန္တ ပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ခဏ္ဍသိမ်တော်၌ ပုဂံမြို့ သာယာဝတေ့တောရကျောင်း (မူလဥပဇ္ဈာယ်ဆရာ) ဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်မြတ်ကိုဥပဇ္ဈာယ်ပြုလျက် မြင်းခြံမြို့ ဈေးကြီးရပ် ဆန်ကုန်သည် ကျောင်းဒါယကာကြီး ဦးထွန်းခိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ လောကနန္ဒာကျောင်းဆရာတော် ဦးအာဒိစ္စအထံ၌ အခြေခံကျမ်းစာများကို ခုနစ်နှစ်သားအရွယ်အထိ သင်ကြားတော်မူပြီး စဥ့်ကူမြို့သို့ မိဘများနှင့်အတူ လိုက်ပါ၍ ဆရာကြီးဦးဘန်း၊ ဒေါ်ရွှေမေ စာသင်ကျောင်း၌ စတုတ္ထတန်းအထိ လောကီပညာများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထို့နောက် သာယာဝတေ့ တောရကျောင်းဆရာတော် ဦးပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တ ပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ သုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော်၊ ဘုရားကြီးတိုက်၊ သုဓမ္မာဝင် တောင်ပြင်ဌာနချုပ် ဆရာတော် ဦးဝိုင်း၊ ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ဦးကောဏ္ဍည၊ ဦးစက္ကိန္ဒ၊ ညောင်လေးပင်မြို့ တောင်ကျောင်းကြီး ဆရာတော် ဦးကေသရ စသော ဆရာတော်ကြီးများထံမှ ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးတော်မူခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲများနှင့် ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သိက္ခာတော်ငါးဝါရသည့်အချိန်မှစ၍ ဂဏဝါစကစာချအဖြစ်လည်းကောင်း၊ သိက္ခာတော် ရှစ်ဝါရတော်မူသည်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၌ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်တော်မူလျက် တပည့်သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ကိုးဆောင်ကျောင်းတိုက်၏ အာရာမိဿရဆသန္တကတွင် တစ်ပါးအပါအဝင်အဖြစ်လွှဲအပ်ခြင်းကို ခံတော်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သစ်တော်ကျောင်း၌ တပည့်သံဃာတော်များအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဝိနယ ဗဟုသုတ ပကာသနီကျမ်း၊ ဝါကျသံသယဝိသောဓနီကျမ်းတို့ကို ရေးသားဖြန့်ဝေတော်မူခြင်းဖြင့်လည်းကောင်း ပရိယတ္တိသာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် မြင်းခြံမြို့ ရွှေဘုံသာအလယ်ကျောင်း စာသင်တိုက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်စသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ မြင်းခြံမြို့ ကမ္မဋ္ဌာနာစရိယ ဦးပရမ၊ စွန်းလွန်းဂူကျောင်း စသောကမ္မဋ္ဌာန်းတိုက်ကြီးများကို တည်ထောင်တော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၊ပွဲကြီးမူလ ၆၆ပါး (ကိုယ်စားလှယ်အဖွဲ့ဝင်)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်အဓိပတိအဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာသင်္ဂီတိ ကာရကနှင့်ဘာဏက ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက ပါဠိတက္ကသိုလ်ဗဟို ကိုယ်စားလှယ်၊ ဂျပန်ပြည်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း ဩဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ပရဒေသီနာယကအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ပြည်ပသို့သာသနာပြုခရီးကြွရောက်တော်မူခဲ့ခြင်း

ဆရာတော်ကြီးသည် ဂျပန်နိုင်ငံ မိုဂျီမြို့တွင် ၁၉၅၇ခုနှစ်၌ ကျင်းပပြုလုပ်သည့် သိမ်သမုတ်ပွဲသို့ ပြည်ပဓမ္မဒူတခရီး ကြွရောက်သည်မှစ၍ ၁၉၉၀ပြည့်နှစ်တွင် ပြည်ပငါးနိုင်ငံလေ့လာရေးခရီးအပါအဝင် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသည့်နိုင်ငံများသို့ ဓမ္မဒူတသာသနာပြုခရီး အကြိမ်ကြိမ် ကြွရောက်တော်မူခဲ့ပါသည်။

### အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားသောအားဖြင့် သိက္ခာတော်(၃၁)ဝါအရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၅၇)ဝါအရတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၆၅)ဝါအရတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူခြင်းမှ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (၁၇–၁၁–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည်။ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ပုလဲရတနာလမ်း၊ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီးအတွင်း ယာယီစံကျောင်းတော်၌ အပူဇော်ခံထားရှိပြီး ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၂၇–၁၁–၂၀၀၄)စနေနေ့ မွန်းလွဲ ၁ နာရီအချိန်တွင် သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပ၍ ရထားပျံဖြင့် ကျောင်းတိုက်ကြီးအနီးရှိ ရတနာလောင်းတိုက်ပေါ်သို့ အခမ်းအနားဖြင့် ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါကြောင်းဖြင့် သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနမိသားစုများ ဘုံကထိန်ကပ်လှူပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၁၈

**ပြန်ကြားရေးဝန်ကြီးဌာန မိသားစုများ၏ ဒွါဒသမအကြိမ် ဘုံကထိန်ကပ်လှူပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက် ရွှေဘုံသာကျောင်းဆောင်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည်ညို၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ ဗဟိုဝန်ဆောင်ဆရာတော် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေး ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ အကြံပေး ပုဂ္ဂိုလ်များနှင့် အကြံပေးအရာရှိများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ဆရာတော်ကြီးထံမှ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကထိန်လျာသင်္ကန်းတော်ကို သံဃာအား ရည်မှန်း၍ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံ ဆရာတော်ကြီးက ကထိန်အနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှူးပြုသော ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန မိသားစုများ၏ ဒွါဒသမအကြိမ် ဘုံကထိန်ကပ်လှူပွဲ အခမ်းအနားတွင် ဗဟန်းမြို့နယ် အောင်မြေဘုံစံ ဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

### နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန မိသားစုများ၏ ဒွါဒသမအကြိမ် ဘုံကထိန်သင်္ကန်း ကပ်လှူပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်း မိသားစုများက ကထိန်လျာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းလှူဒါန်းကြသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်**
**(ဥပုသ်နေ့)**
**၁၉–၁၁–၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ အကပြိုင်ပွဲ
- ၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၂၀ ၇။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ English for Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၁၇:၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၁၅ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၂၅ ၈။ ဂီတမဟာပျော်စရာ
- ၁၇:၅၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၁၈:၀၅ ၁၀။ Discovery
- ၁၈:၅၁ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၃၀)
- ၁၉:၃၅ ၁၅။ ပညာပါရမီအလှူတော် နတ်လူသာဓုခေါ်
- ၁၉:၄၅ ၁၆။ ထက်မြက်ထူးချွန် ပညာရည်မွန် (အပိုင်း–၁)
- ၁၇။ ခေတ်မီဆန်းသစ် ပေါင်းလောင်းလျှပ်စစ်
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာရုပ်ရှင် **“ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်” (အပိုင်း–၂) လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင် (ဒါရိုက်တာ–နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)**
- ၂၂။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်



## နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ပြင်ဦးလွင် အောက်တိုဘာ ၃၁**

ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ရင်နှင့် ဝန်ထမ်းများသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းမြင့်သိန်း၊ မြို့နယ်အလုပ်အမှုဆောင် ဦးသန်းဌေးအောင်တို့ ဦးဆောင်၍ အောက်တိုဘာ ၂၇ ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်(၁)သံနှင့်သံမဏိစက်ရုံရှိ ဝန်ထမ်းများ၏ သားသမီးများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးကြသည်။

ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်းပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် နိုင်ငံသားအဆင့်မီသူ ၁၀၅၆ ဦးတို့အား ကျေးရွာအရောက်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၂၈၀)**

## ဝက်လက်မြို့နယ်တွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ဝက်လက် နိုဝင်ဘာ ၁

**ဝက်လက်မြို့နယ် မြင်တော်စံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ရက် နံနက်က အဆိုပါ စံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။**



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးအေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ပိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)** ဆက်လက်၍ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်မီးကို အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံတည်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဇီဝဓာတ်ငွေ့တာဝန်ခံ ကျောက်ဆည်နည်းပညာကောလိပ်မှ အင်ဂျင်နီယာဒေါ်စိုးစိုးအုန်းက လိုက်လံရှင်းလင်းပြသသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးကဘောလုံးနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဝက်လက်မြို့နယ်အနေဖြင့် ပထမဆုံး ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြင်တော်စံပြကျေးရွာတွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ဆောင်းသီးနှံစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေး

**ခင်ဦး အောက်တိုဘာ ၂၉**

၂၀၀၄-၂၀၀၅ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ခင်ဦးမြို့နယ် ခန်းမ၌ အောက်တိုဘာ ၁၅ရက် နံနက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မြ၊ မြို့နယ်မြေစာရင်း ဦးစီးအရာရှိ ဦးသိန်းဇော်၊ ဆည်မြောင်းဦးစီးမှူး ဦးသန်းဌေးတို့က ဆောင်းသီးနှံ စိုက်ပျိုးရန်စီမံကိန်း ဧက၁၃၈၄၂၀ ရည်မှန်းချက်များကို ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့မစခန်း၊ ဝွေးကုန်းစခန်း၊ မြင်းဒေါင်းစခန်းနှင့် ကျွန်းပင်ကန်စခန်း တာဝန်ခံများအား ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

## မြို့ပြနှင့်ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေး မင်းလှကန်မှရေကို ကျေးရွာသို့ပေးပို့နိုင်ရန် ပိုက်လိုင်းတပ်ဆင်

**သာစည် အောက်တိုဘာ ၃၁**

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြနှင့် ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ခြောက်လက်မ၊ လေးလက်မပိုက်လိုင်းဖြင့် မင်းလှကန်မှ ရေကို ရေစစ်ကန်နှင့် မင်းလှကျေးရွာသို့ ဆက်သွယ်ပေးပို့နိုင်ရန်အတွက် ပိုက်လိုင်းတပ်ဆင် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလှသောင်း အောက်တိုဘာ ၂၅ ရက် နံနက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**



## ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## နမ့်စန်မြို့နယ်ထင်းရှူးမြိုင်-ဝမ်ကျောင်းကျေးလက်လမ်း ကျောက်ချောလမ်းခင်းရန် ကွင်းဆင်းတိုင်းတာဆောင်ရွက်

နမ့်စန် အောက်တိုဘာ ၂၅

**ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် အင်ဂျင်နီယာ(၂) ဦးဇေယျာမင်းနှင့် တာဝန်ရှိသူများက ထင်းရှူးမြိုင်-ဝမ်ကျောင်းကျေးလက် ကျောက်ချောလမ်းခင်းရန်အတွက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ကြကြောင်း သိရသည်။** (အောက်ပုံ) (နယ်စပ်/စည်ပင်)



## ဟားခါးမြို့နယ်အတွင်း ရှိ ကျေးရွာများ ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များဖွင့်

**ဟားခါး နိုဝင်ဘာ ၁၀**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံး၏ ဟားခါးမြို့နယ်တွင် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရေးစီမံချက်နှင့် ဟားခါးမြို့နယ် အတွင်း ကျေးရွာများသို့ အောက်တိုဘာ ၁၉ရက်က ကွင်းဆင်း ဆောင်ရွက်ကြသည်။

**စာကြည့်တိုက်များဖွင့်**

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်များ ဖွင့်ပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမန်းစိန်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးထန်ကျဲ၊ ရပ်/သံ-၃ ဦးမွန်တိုးတို့က ဟားခါးမြို့နယ်အတွင်း ဘွေနူးမြစ်အနောက်ဘက်ခြမ်းရှိ လီချား၊ ဘွာန်လုံ၊ ဒေါင်ဗာ၊ ဖိုင်ဖာ(က)၊ ဖိုင်ဆောင်း၊ လုံရန်း၊ လုံခင်းနှင့်လေပီးကျေးရွာတွင်လည်းကောင်း၊ ဘွေနူးမြစ် အရှေ့ဘက်ခြမ်းရှိ ဒင်လိုပါ ကျေးရွာတွင်လည်းကောင်း ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**အောက်တိုဘာ ၂၅ရက်က ဟိုပင်မြို့ စိမ်းလန်းစိုပြည် လုပရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ပျိုးပင်များပြန်လည်ဖြည့်တင်းနိုင်ရေး ပျိုးဥယျာဉ်အတွင်း၌ ဝန်ထမ်းများ ဆောင်ရွက်မှုကို တာဝန်ခံ ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (က-ပ)



## ချောင်းဆုံမြို့နယ် ပြန်/ဆက်ရုံးသစ် ပန္နက်တင်

**ချောင်းဆုံ နိုဝင်ဘာ ၅**

ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသစ် ပန္နက်တင် မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၉ရက်က ချောင်းဆုံ တိုးချဲ့ရပ်ကွက်ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြေနေရာတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမြေနေရာ သတ်မှတ်ပြီး အုတ်မြစ်ချခြင်းနှင့် မော်လမြိုင်ခရိုင် ဦးစီးအရာရှိ ဦးတင်ထွန်းက ပန္နက်တင် အခမ်းအနား ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

## မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း မြစ်ရေတင်လုပ်ငန်းနှင့် ကျေးလက်အိမ်ရာဆောင်ရွက်

မကွေး နိုဝင်ဘာ ၁၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်သည် မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်အိမ်ရာတည်ဆောက်မှုလုပ်ငန်းများကို နိုဝင်ဘာ ၁၁ရက် နံနက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက တောင်တွင်းကြီးမြို့ ဆတ်သွားကျေးရွာ၌ ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးကြသည်။**

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် မကွေးမြို့ ရေပေးရေးနှင့် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် သုခိတာလမ်းနှင့် ပြည်တော်သာလမ်းထောင့်ရှိ တွင်းအမှတ် (၅)နှင့် ရေလှောင်ကန် အမှတ်(၃)အား ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဧရာဝတီမြစ်မှ မြို့ပေါ်ရပ်ကွက်များအတွက် ဆောင်ရွက်သည့် မြစ်ရေတင်လုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။ မကွေးမြို့ ရေပေးရေးလုပ်ငန်းတွင် စက်ရေတွင်းပေါင်း၂၀ရှိသည့်အနက် ၁၄တွင်းမှာရေပေးရေးလုပ်ငန်းဆောင်ရွက်ပြီး ခြောက်တွင်းမှာ ပြန်လည်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိရာ နှစ်တွင်းပြီးစီးပြီ ဖြစ်သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ရေနံချောင်းမြို့နယ် ၃၆ ကျေးရွာ ကျေးလက်အိမ်ရာ ဆောင်ရွက်ပြီးစီးမှုအား စစ်ဆေးပြီး ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးမှုကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ချောက်မြို့နယ် ပန်းဘဲ(မြောက်)ကျေးရွာတွင် ဌာနပိုင်တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်မှုအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ယင်းတွင်းမှာ ကျေးရွာရေရရှိရေးအတွက် အလှူရှင်လှူဒါန်းငွေကျပ် ၇၁ သိန်းဖြင့် တူးဖော်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော စည်ပင်သာယာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းလမ်းမှာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၁၁ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး အရှည်ပေ ၇၇၀၊ အကျယ် ၁၂ပေရှိ ကျောက်ချော လမ်းဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၂ရက်က မြင်းခြံမြို့ သာယာလှပရေးလုပ်ငန်းနှင့် ခရိုင်ပျိုးဥယျာဉ် ပျိုးပင်များ စိုက်ပျိုးထားရှိမှုအား စစ်ဆေးကြသည်။ ထိုမှတစ်ဆင့် ညောင်ဦးမြို့နယ် ဗျတ္တပန်းဆက်လမ်းပေါ်ရှိ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောက်လုပ်ခဲ့သော ကျေးလက်အိမ်ရာများ ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းအတွင်း၌ ကျေးလက်အိမ်ရာ အိမ် ၁၈၇ လုံး ဆောက်လုပ်ပြီးစီးနေပြီး အိမ် ၁၁လုံးမှာ ဆောက်လုပ်နေဆဲဖြစ်သည်။

**(နယ်စပ်/စည်ပင်)**



**ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ယန်းပူး-ကတ်ထိုက် ကျေးလက် သစ်သားတံတားဖွင့်ပွဲကို နိုဝင်ဘာ ၇ရက်က ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်စဉ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဖွင့်လှစ်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## အဝီစိတွင်း တူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း နိုဝင်ဘာ ၃**

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သည့် ကျေးလက် ရေပေးရေးလုပ်ငန်းဖြစ်သော ပယင်း-လက်ပံခုံကျေးရွာတွင် တစ်လက်မခွဲရှိ လက်နှိပ်တုံကင် အနက်ပေ၂၀၀ရှိ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က အောက်တိုဘာ ၂၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဆွေဆွေဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

**(အောက်ပုံ) (မြို့နယ် စည်ပင်)**

## ကျေးလက် သတင်းနှင့် မြင်ကွင်း

## ကျေးလက် အကျိုးပြုလုပ်ငန်းများညောင်တုန်း မြို့နယ်၌ဆောင်ရွက်

**ညောင်တုန်း နိုဝင်ဘာ ၈**

ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းဆေးဦးစီးဌာနတို့က ကျေးလက်ဒေသအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် အောက်တိုဘာ၂၇ရက်က ညောင်တုန်းမြို့နယ် ဝါးတောစွန်းကျေးရွာတွင် အကျိုးပြုလုပ်ငန်းများဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ဝါးတောစွန်းကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ရွာသူရွာသားများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးအောင်မြသန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ပညာပေး ဟောပြော**

ထို့နောက် ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာမေခိုင်ရဲနောင်က ကူးစက်ရောဂါ ခြောက်မျိုးအကြောင်းနှင့် ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောသည်။

ဆက်လက်၍ လက်ထောက်ဆရာဝန်ဒေါက်တာမေခိုင်ရဲနောင်နှင့် မြို့နယ်တိုင်းရင်းဆေးခန်း ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ခိုင်ဝင်းရွှေတို့က ကျေးရွာပြည်သူများအား ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးများအခမဲ့ ကုသပေးခဲ့ကြကြောင်း သိရသည်။ **(ဝဇိရ)**



## ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မော်လိုက်မြို့နယ်၌စာအုပ်၊ စာစောင်များလှူဒါန်း

မော်လိုက် နိုဝင်ဘာ ၅

**ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မော်လိုက်မြို့နယ် ကျေးရွာအုပ်စုများတွင် ကိုယ့်အားကိုယ်ကိုးဖွင့်လှစ်ထားသော စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ ပေးအပ်ပွဲကို အောက်တိုဘာ ၂၅ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်မြတ်မိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးဦးညိုအုန်းက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**လက်ခံယူ**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာကြည့်တိုက် လက်ထောက်အဆင့်-၃ ဒေါ်ခင်ဥက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မဂ္ဂဇင်းစာအုပ်နှင့် စာစောင်မျိုးစုံ ၅၀စီ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်မှူးများက လက်ခံရယူကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဆောင်းသီးနှံစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**ဗန်းမောက် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်း ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်သည် ကသာခရိုင် ဗန်းမောက်မြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဆောင်းသီးနှံလျာထားချက်အတိုင်း အပြည့်အဝစိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ်အတွင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကသာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်က လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



## လက်ခံတွေ့ဆုံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်အား ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထွန်းတို့တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လန်ဆာဗတ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာကောဗ်ကီယိုလောင်ခေါ့တ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အကျဉ်းသား ၃၉၃၇ ဦးတို့အား ပြစ်ဒဏ်ကျခံနေရခြင်းမှ ရပ်စဲပေး

ရန်ကုန် နိုဝင်ဘာ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို သက္ကရာဇ် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက် (၂၀၀၄ခုနှစ် အောက်တိုဘာ ၂၂ရက်)နေ့တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။

**ပြန်လည်စေလွှတ်ပေးမည်**

အဆိုပါ အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်ခဲ့မှုများအနက် မလျော်ကန်သော ဆောင်ရွက်ချက်များပါဝင်နိုင်ကြောင်း သုံးသပ်ရရှိသည်။ ထို့ကြောင့် ယင်းသို့ မလျော်မကန်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အကျဉ်းသား ၃၉၃၇ ဦးတို့အား ယနေ့ သက္ကရာဇ် ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက် (၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်)နေ့ မှစ၍ ပြစ်ဒဏ်ကျခံနေရခြင်းကို ရပ်စဲပေးလိုက်ပြီး သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံတွင်ကျင်းပမည့် ဗီယက်နမ်တပ်မတော်နှစ်(၆၀)ပြည့် အထိမ်းအမှတ် အာဆီယံတပ်မတော်များ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်အားကစားအဖွဲ့အား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံတပ်မတော်များ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲဝင်များအား ပို့ဆောင်နှုတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၁၈**

တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင်ကျင်းပမည့် ဗီယက်နမ်တပ်မတော် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အာဆီယံတပ်မတော်များ ဘောလုံးနှင့် ဘော်လီဘောပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် တပ်မတော် ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းခေါင်းဆောင်သည့် မြန်မာ့တပ်မတော်အားကစားအဖွဲ့အား ယနေ့နံနက် ၆ နာရီခွဲတွင် မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁** ✻

**မြို့တော်မိုးလေဝသ အခြေအနေ**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**